မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၈၉)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် မဲဆန္ဒနယ်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများ ထုတ်ပြန်ကြေညာခြင်း

နေပြည်တော် ဒီဇင်ဘာ ၂၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လည်းကောင်း၊ အပိုင်း(၂) တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်စာရင်းကို ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့်လည်းကောင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့် လွှတ်တော်အသီးသီး၏မဲဆန္ဒနယ် ၁၂၁ နယ် (၅၆ မြို့နယ်) ကို ၁၄ - ၉ - ၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲအပိုင်း (၃) တွင် ပါဝင်သည့် မြို့နယ် ၆၃ မြို့နယ်စာရင်းကို ၂၅-၁၂-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၇၀/၂၀၂၅) ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့် လွှတ်တော်အသီးသီး၏မဲဆန္ဒနယ် ၂၀ နယ် (၉ မြို့နယ်) ကို လည်းကောင်း၊ ရွေးကောက်ပွဲအပိုင်း (၃) ကျင်းပမည့် မြို့နယ်များတွင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် ရပ်ကွက် ၆၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၀၂ အုပ်စု၊ စုစုပေါင်း ၁၀၆၄ ခုကိုလည်းကောင်း ပူးတွဲပါကြေညာချက်များဖြင့် ၂၇ - ၁၂ - ၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါထုတ်ပြန်ခဲ့သည့် ကြေညာချက်များအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ website ဖြစ်သည့် www.uec.gov.mm တွင် ဖော်ပြမည်ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ လာရောက်လေ့လာကြသည့်နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပသည်။ (ဃာပုံ)

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ➜

ယနေ့ ဖတ်စရာ

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

ထုတ်ပြန်ချက် စာ ၅

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ထုတ်ပြန်ချက် စာ ၅

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

ဇလွန်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

ဇလွန် ဒီဇင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမတွင် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဇလွန်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ စာစီစာကုံးပြိုင်ပွဲကို အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရကျောင်းသား ကျောင်းသူများအား လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဇလွန်

(ပြန်/ဆက်)

၂၇ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၆၀၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

နိုင်ငံ့သာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၁၂ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၄၃၅	၂၅၅၀	၂၅၁၅	၂၄၅၀	၂၅၅၅	၂၅၇၀	၂၅၈၅	၂၅၀၅	၄၅၀၅	၂၈၀၀	၂၅၂၀	၂၆၃၀	၂၅၈၅	၂၅၆၀	၂၅၀၀	၂၈၄၀
95 Ron	၂၄၆၀	၂၅၇၅	၂၅၄၀	၂၄၇၅	၂၅၀၀	၂၅၈၅	၂၆၁၅	၂၅၃၀	၄၅၆၀	၂၈၂၅	၂၅၅၀	၂၆၅၅	၂၆၂၀	၂၅၈၅	၂၆၁၅	၂၈၆၅
HSD (500 ppm)	၂၁၄၀	၂၂၅၅	၂၂၂၀	၂၁၅၅	၂၂၆၀	၂၂၇၅	၂၂၈၅	၂၂၁၅	-	၂၅၁၅	၂၂၃၀	၂၇၇၅	၂၃၀၀	၂၂၆၅	၂၂၈၀	၂၅၅၅
HSD (50 ppm)	၂၅၈၅	၂၆၈၅	၂၆၆၅	၂၆၀၀	၂၇၁၅	၂၇၂၀	၂၇၃၅	၂၆၅၅	၄၈၃၀	၂၈၄၅	၂၆၇၀	၂၇၈၀	၂၇၅၅	၂၇၁၅	၂၇၃၀	၂၈၈၅
HSD (10 ppm)	၂၅၈၅	၂၆၈၅	၂၆၆၅	၂၆၀၀	၂၇၁၅	၂၇၂၀	၂၇၃၅	၂၆၅၅	-	၂၈၄၅	၂၆၇၀	၂၇၈၀	၂၇၅၅	၂၇၁၅	၂၇၃၀	၂၈၈၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၂၈၀	၂၃၅၉
95 Ron	၂၃၀၅	၂၃၈၅
HSD (500 ppm)	၁၉၉၇	၂၀၆၇
HSD (50 ppm)	၂၄၂၄	၂၅၀၂
HSD (10 ppm)	၂၄၂၄	၂၅၀၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်		သတင်းထောက်မှူး - ခင်ရတနာ	
စာတည်းမှူး - မြင့်စိုး		အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊	
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း		သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)	
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်		ဓာတ်ပုံသတင်းထောက် - တင်စိုး	
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့	
သုတေသန - အိအိခင်နှင့် အဖွဲ့		အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့	
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့			

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

မြန်မာ့အလင်း

မီဒီယာအကြမ်းဖက်မှုနှင့် ပြည်သူကို ကျုံးသွင်းမှုသတိပြု

ယနေ့(၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့) မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့အထိသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလဖြစ်သည်။ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးတို့ကို လိုလားသည့် ပြည်သူများက လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခြင်းကို အားပေးထောက်ခံကြသော်လည်း NUG၊ PDFအမည်ခံ အကြမ်းဖက်အဖျက်သမားများနှင့် တိုင်းရင်းသားအမည်ခံထားကြသည့် အကြမ်းဖက်သောင်းကျန်းသူများ၊ အကြမ်းဖက်ထောက်ခံသူများကမူ ရွေးကောက်ပွဲကို မလိုလား။

ပြည်သူလူထု၏ မဲဆန္ဒဖြင့် ပေါ်ပေါက်လာမည့် အစိုးရနှင့် နိုင်ငံ၏ အခင်းအကျင်းသစ်တွင် ပြည်တွင်းပြည်ပ၌ ရှိနေကြသည့် အကြမ်းဖက်အဖျက်သမားအဖွဲ့အစည်းတို့အဖို့ ရပ်တည်ရန် ခက်ခဲမည့်အပြင် နိဂုံးချုပ်သွားဖွယ်ရာ အခြေအနေများအထိ ဖြစ်ပေါ်လာနိုင်သည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲကို မမှန်မကန် အပုပ်ချရန်နှင့် မပျက်ပျက်အောင် ဖျက်ဆီးရန် နည်းမျိုးစုံဖြင့် ပြုလုပ်နေကြရာ မီဒီယာနည်းလမ်းသည်လည်း အဓိကကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မည်သည့်အခါတွင်မှ အကောင်းမရေးတတ်ကြသည့် အနောက်မီဒီယာများ၊ ပြည်ပြေး ဝရမ်းပြေး မြန်မာမီဒီယာများမှာ ရွေးကောက်ပွဲ၏ ကာလသုံးပါးဖြစ်သော ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကျင်းပသည့်ကာလနှင့် ရွေးကောက်ပွဲကျင်းပပြီးကာလတို့တွင် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားတို့၏ လေသံနှင့်ထပ်တူ သတင်းများရေးသားထုတ်လွှင့်ပြီး ပြည်သူကို သတင်းအဆိပ်သင့်အောင် ပြုလုပ်လျက်ရှိသည်။

တစ်ဖက်တွင်လည်း ၎င်းတို့၏ သတင်းတု၊ သတင်းမှားများ၊ ဝါဒဖြန့် အလှူခံလုပ်ကြံသတင်းများသာ တစ်ဖက်သတ် ဖုံးလွှမ်းနေစေရေးအတွက် နိုင်ငံပိုင်မီဒီယာများမှ တရားဝင်သတင်းထုတ်လွှင့်မှုများကို အွန်လိုင်းမှ ဖယ်ရှားစေရန် သက်ဆိုင်ရာနည်းပညာကုမ္ပဏီများကို ဖိအားပေးခြင်း၊ ပြည်တွင်းရှိ လွတ်လပ်သော ပုဂ္ဂလိကသတင်းမီဒီယာများအား ခြိမ်းခြောက်နှောင့်ယှက်ခြင်းများကို ပြုလုပ်နေကြသည်။ ရှုထောင့်အမျိုးမျိုးဖြင့် ဖော်ပြသည့်သတင်းများကို ရယူပြီး ချင့်ချိန်နိုင်ရန် ပြည်သူ၏ သတင်းသိရှိပိုင်ခွင့် အခွင့်အရေးကို အဟန့်အတားပြုပြီး မမှန်မကန်သတင်းများကိုသာ တစ်ဖက်သတ်ရရှိစေရန် အဓမ္မပြုလုပ်ခြင်းဖြင့် မီဒီယာအကြမ်းဖက်မှုကိုပါ ပြုလုပ်နေကြခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ နီကာရာဂွါနိုင်ငံ၊ မြန်မာ-ဂျပန်အသင်းစသည်တို့မှ ကိုယ်စားလှယ်များ ရောက်ရှိနေကြပြီဖြစ်သလို နိုင်ငံတကာမီဒီယာအဖွဲ့အစည်းပေါင်း ၆၁ ခုမှ သတင်းရယူမည့်သူ စုစုပေါင်း ၂၁၅ ဦးတို့ ရောက်ရှိနေပြီးလည်းဖြစ်သည်။ အမေရိကန်၊ ဩစတြေးလျစသည့်နိုင်ငံများမှ သတင်းအဖွဲ့များက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းသတင်းရယူကြသည့် သတင်းများကိုလည်း မိမိတို့ တွေ့ရှိကြရပြီးဖြစ်သည်။ ပြည်ပသတင်းဌာနများအနေဖြင့် သတင်းရယူရေးသားထုတ်လွှင့်ကြရာတွင် ရှုထောင့်အမျိုးမျိုးမှ ရေးသားထုတ်လွှင့်ကြမည်ဖြစ်သော်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်လျှင် လုပ်ငန်းစဉ်အာဂျင်ဒါရှိပြီးဖြစ်သော သတင်းဌာနများကမူ ၎င်းတို့လိုရာဆွဲ၍ သတင်းကို ပုံဖော်ကြမည်သာဖြစ်သည်။

ပြည်သူများအနေဖြင့်မူ ပြည်ပသတင်းဌာနအချို့နှင့် ပြည်ပြေးပြည်ဖျက်သတင်းဌာနများ၏ ရေးသားထုတ်လွှင့်မှုများအပေါ် ဆင်ခြင်ဉာဏ်ဖြင့် ချင့်ချိန်ယုံကြည်ကြဖို့ပင်ဖြစ်သည်။ ၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူကို သတင်းအမှန် အသိပေးရန် မဟုတ်ဘဲ ၎င်းတို့၏ နိုင်ငံရေးရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် မီဒီယာကို လက်နက်တစ်ခုအဖြစ် အသုံးချနေခြင်းသာဖြစ်သည်ကို ပြည်သူလူထုက သဘောပေါက်နားလည်ထားကြရန်လိုသည်။ သတင်းတစ်ခုကို ယှဉ်ထိုးချိန်ဆရန် အခွင့်အလမ်းနည်းပါးပြီး တစ်ဖက်သတ်သတင်းများဖြင့် ပြည်သူလူထုကို ၎င်းတို့လိုရာလမ်းကြောင်းဆီသို့ ရောက်ရှိအောင် ကျုံးသွင်းဆောင်ရွက်မှုများကို သတိတမန် ဉာဏ်မြေကတုတ်ဖြင့် ဂရုပြုရှောင်ရှားကာ အမှန်တရားကို ရှာဖွေနိုင်ကြရန် နှိုးဆော်သတိပေးအပ်ပါကြောင်း။ ။

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့ သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီး H.E. Mr. Mario Jose Armengol Campos အား လက်ခံတွေ့ဆုံ

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီး H.E.Mr.Mario Jose Armengol Campos အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel ပုဂံဆောင် ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်မည်ဟု ယုံကြည်ကြောင်း၊ ရွေးကောက်ပွဲကို လေ့လာရန် ဖိတ်ကြားမှုအတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ၁၉၄၈ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး ၇၇ နှစ်တိုင် ရှိပြီဖြစ်ပြီး နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ချစ်ကြည်ရင်းနှီးမှု၊ ရုရှားနိုင်ငံ၏ အစဉ်တစိုက် ထောက်ခံအားပေးမှုများအတွက် ရုရှားနိုင်ငံအစိုးရနှင့် ပြည်သူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဒီမိုကရေစီ စံချိန်စံညွှန်းများအတိုင်း စနစ်တကျ ဆောင်ရွက်နေမှု၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရန် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာမီဒီယာနှင့် ပြည်တွင်းမီဒီယာများအား လေ့လာသတင်းရယူခွင့်ပြုထားသည့် အခြေအနေ၊ နှစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်များအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာရမည့် အစီအစဉ်များနှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကာ အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ချောင်းဆုံမြို့နယ်ရှိ မဲရုံများ ပြင်ဆင်ထားရှိမှုနှင့် မဲပေးစက်များ တပ်ဆင်ထားရှိမှုကြည့်ရှု

ချောင်းဆုံ ဒီဇင်ဘာ ၂၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများ ပြင်ဆင်ထားရှိမှုအခြေအနေနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) များ တပ်ဆင်ထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးကိုကိုလွင် (မွန်ပြည်နယ်တာဝန်ခံ) နှင့် တာဝန်ရှိသူများက မဲရုံများအား လိုက်လံကြည့်ရှုခဲ့ကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်အတွင်းရှိ မဲရုံများအလိုက် ပြည်သူများ လွတ်လပ်၍ အေးချမ်းစွာဆန္ဒမဲပေးနိုင်ရေး မဲရုံအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ကောင်းမွန်စွာ တပ်ဆင်စမ်းသပ်မှုအခြေနေများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံတာဝန်ကျ ဝန်ထမ်းများအားမှာကြားပြီး တင်ပြချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ကိုကျော်(ချောင်းဆုံ)

❍ *ရှေ့ဖုံးမှ*

ထို့အတူ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဒူးမားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာ ဌာနကိုယ်စားလှယ်အဖွဲ့၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံ ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာ-ဂျပန်အသင်း (MJA) ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံများသို့ အလုပ်သဘောခရီး သွားရောက်ခဲ့ရာတွင် နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုင်ငံခေါင်းဆောင်များထံမှ မိမိတို့ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ထောက်ခံအားပေးမှုများရရှိခဲ့သလို နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာနိုင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပါကြောင်း။

အဆွေတော်တို့ လာရောက်လေ့လာမှုသည် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာ၏ အားပေးထောက်ခံမှုကို ပြသရာရောက်ပါကြောင်း၊ ယခုရွေးကောက်ပွဲသည် မိမိတို့နိုင်ငံသမိုင်းတွင် ဒီမိုကရေစီမှတ်တိုင်တစ်ခုဖြစ်လာမည် ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးခွင့်ကို အသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ဆုံးဖြတ်ပေးနိုင်မည့် အချိန်အခါလည်းဖြစ်ပါကြောင်း။

ညှော့သည်တော်များကို ယခုကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အဓိကအချက် ၃ ချက်ကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ **ပထမအချက်မှာ ရွေးကောက်ပွဲစနစ်**ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြု ပြဋ္ဌာန်းပြီးသည့်နောက် အထွေထွေရွေးကောက်ပွဲ ၃ ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ ၃ ကြိမ် ကျင်းပခဲ့ပြီး အဆိုပါ ရွေးကောက်ပွဲများတွင် လွှတ်တော်သုံးရပ်လုံးကို နိုင်သူအကုန်ယူစနစ် (First Past the Post – FPTP System) ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၌ FPTP စနစ်ကို အသုံးပြုမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့တွင်ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional System – MMP) ကို ကျင့်သုံးမည်ဖြစ်ပါကြောင်း၊ MMP စနစ်ဆိုသည်မှာ မတူညီသည့် ရွေးကောက်ပွဲစနစ်များဖြစ်သည့် FPTP စနစ်နှင့် PR စနစ် တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပါကြောင်း၊ FPTP စနစ်တစ်ခုတည်းကျင့်သုံးပါက ကိုယ်စားလှယ်နေရာ အများစုကို မဲအများဆုံးရသည့် ပါတီကြီးများက ရရှိမည်ဖြစ်ပြီး PR စနစ်နှင့် ပေါင်းစပ်ကျင့်သုံးသည့်အတွက် ပါတီငယ်များလည်း ကိုယ်စားလှယ်အထိုက်အလျောက်ရပြီး လွှတ်တော်ထဲကို ရောက်ရှိမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ ကောင်းကျိုးများကို ရရှိမည်ဖြစ်ပါကြောင်း။

ဒုတိယအချက်မှာ မဲပေးရမည့်ပုံစံဖြစ်ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် ကြိုတင်မဲများမှ လွဲ၍ မဲရုံများတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) စက်များကို အသုံးပြု မဲပေးရမည်ဖြစ်ပါကြောင်း၊ MEVM စက်များကို နိုင်ငံတကာတွင် အသုံးပြုနေကြသည့် မဲပေးစက်များကို လေ့လာပြီး မိမိတို့နိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်အောင် မြန်မာပညာရှင်များက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ MEVM စက်များကို အသုံးပြုခြင်းကြောင့် အချိန်ကုန်သက်သာခြင်း၊ ပယ်မဲမရှိခြင်း၊ မဲရလဒ်များကို လျင်မြန်စွာ ထုတ်ပြန်နိုင်ခြင်း စသည့်အကျိုးရလဒ်ကောင်းများအပြင် မဲမသမာမှုများ ဖြစ်နိုင်မည် မဟုတ်ပါကြောင်း၊ မဲပေးစက်တွင် ပြင်ပနှင့်ချိတ်ဆက်နိုင်သည့် USB Port များ မပါဝင်ခြင်း၊ Wi-Fi ၊ Bluetooth စနစ်နှင့် Internet ကွန်ရက်စနစ်များ မပါဝင်သဖြင့် လုံခြုံစိတ်ချရမှုရှိပါကြောင်း။

မဲပေးစက်၏ အရည်အသွေးနှင့် စံချိန်စံညွှန်းအသိအမှတ်ပြုထား

မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေးနှင့် အထူးသဖြင့် အမြင်အာရုံမသန်စွမ်းသူများ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် မျက်မမြင်လက်စမ်းစာ (Braille) ကို အခြေခံသည့် MEVM စက်ကို တီထွင်ပြုလုပ်ထားပါကြောင်း၊ အမြင်အာရုံ မသန်စွမ်းသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံ မသန်စွမ်းသူများအနေဖြင့် ကိုယ်တိုင် သို့မဟုတ် လိုအပ်ပါက မသန်စွမ်းသူကိုယ်တိုင် ရွေးချယ်သည့် အကူလူပုဂ္ဂိုလ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ထားရှိပါကြောင်း၊ မဲပေးစက်၏ အရည်အသွေးနှင့် စံချိန်စံညွှန်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ အမျိုးသားစံချိန်စံညွှန်းကောင်စီကလည်း အသိအမှတ်ပြုထားပြီးဖြစ်ပါကြောင်း။

တတိယအချက်အနေဖြင့် **အပိုင်းလိုက်**ရွေးကောက်ပွဲပြုလုပ်မည့် အစီအစဉ်ဖြစ်ပါကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲနေ့ရက်ကို တစ်နိုင်ငံလုံးအနေဖြင့် ရုံးပိတ်ရက်တစ်ရက်တည်း သတ်မှတ်ကျင်းပခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကိစ္စရပ်များ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် အပိုင်း ၃ ပိုင်းခွဲ ကျင်းပခြင်းဖြစ်ပါကြောင်း၊ အပိုင်း (၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၊ အပိုင်း (၂) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ နှင့် အပိုင်း (၃) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်၌ ကျင်းပမည်ဖြစ်ပါကြောင်း။

မဲစာရင်းများကိုလည်း သုံးကြိမ်တိတိ ကပ်ထားကြေညာခဲ့

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မဲစာရင်းပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်း ဆောင်ရွက်ရာတွင် ကွန်ပျူတာနည်းပညာကို အသုံးပြုပြီး ဗဟိုမဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (Central Voter List Management System – CVLMS) နှင့် မြို့နယ်အဆင့်မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (Admin and DEO Software) တို့ကို ပြည်တွင်းနည်းပညာရှင်များက ရေးဆွဲ၍ မဲစာရင်းထပ်ခြင်း၊ မှားယွင်းခြင်းမရှိစေရန် စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ မဲစာရင်းများကိုလည်း သုံးကြိမ်တိတိ ကပ်ထားကြေညာခဲ့ပါကြောင်း၊ ပြည်သူအားလုံး ပါဝင်မှုရှိစေရန်အတွက် ပထမဆုံးအကြိမ် မဲပေးမည့် မဲဆန္ဒရှင်လူငယ်များ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် မသန်စွမ်းသူများအားလုံး ပါဝင်စေရန် အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အားလုံးကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံးခွင့်များကို တန်းတူညီမျှ ခွင့်ပြုပေးခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း ၂၁၅၁၇ ရုံရှိပြီး မဲရုံတစ်ရုံစီတွင် စနစ်တကျလေ့ကျင့်ထားသည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များရှိပါကြောင်း၊ မဲရုံများတွင် မဲဆန္ဒရှင်များအနေဖြင့် လွတ်လွတ်လပ်လပ်နှင့် ပွင့်လင်းမြင်သာစွာဖြင့် အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေး ဆောင်ရွက်ပေးထားပါကြောင်း၊ မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ လုံခြုံမှုရှိစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းစေရန် လုံခြုံရေး တာဝန်ယူထားသည့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ထုတ်ပြန်၍ ထိရောက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်း ပြဋ္ဌာန်းပေးခဲ့ပြီး ရွေးကောက်ပွဲတွင် ပါဝင်သူများ လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးထားပါကြောင်း။

ကော်မရှင်အနေဖြင့် စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး အပြည့်အဝဆောင်ရွက်ထားပါကြောင်း၊ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ စောင့်ကြည့်လေ့လာပေးရန်နှင့် တက်ရောက်လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ထောက်ခံအားပေးမှုကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက တက်ရောက်လာကြသူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုပုံကို လက်တွေ့ရှင်းလင်း ပြသကြသည်။

ညနေပိုင်းတွင် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး နှင့် မဏိရတနာ ကျောက်စိမ်းခန်းမတို့ကို သွားရောက် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးနှင့် အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်ထားရှိမှု ပိုမိုတိုးတက်ခိုင်မာရေးနှင့် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးတို့ကိုအလေးထားဆွေးနွေးကြသည်။

ထို့ပြင် မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက် ပံ့ပိုးကူညီသွားမည့်ကိစ္စ၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစားနှင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

တိမ်အနည်းငယ် ဖြစ်ထွန်း

နေပြည်တော် ဒီဇင်ဘာ ၂၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၁ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၉) နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၂) နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉) နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ (စ) အရ ထုတ်ပြန်ကြေညာလိုက်သည်-

(က) ရွေးကောက်ပွဲများကျင်းပခြင်း မပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၉) နယ်

စဉ်	မဲဆန္ဒနယ်	ပါဝင်သည့်နယ်မြေများ
	ချင်းပြည်နယ်	
(၁)	တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်တစ်ခုလုံး။
(၂)	ဖလမ်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်တစ်ခုလုံး။
(၃)	ထန်တလန်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	ထန်တလန်မြို့နယ် တစ်ခုလုံး။
	စစ်ကိုင်းတိုင်းဒေသကြီး	
(၄)	ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	ကောလင်းမြို့နယ် တစ်ခုလုံး။
(၅)	ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	ဗန်းမောက်မြို့နယ် တစ်ခုလုံး။
	ရခိုင်ပြည်နယ်	
(၆)	အမ်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	အမ်းမြို့နယ်တစ်ခုလုံး။
(၇)	သံတွဲမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	သံတွဲမြို့နယ်တစ်ခုလုံး။
(၈)	ဂွမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	ဂွမြို့နယ်တစ်ခုလုံး။
(၉)	တောင်ကုတ်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်	တောင်ကုတ်မြို့နယ် တစ်ခုလုံး။

(ခ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၂) နယ်

စဉ်	မဲဆန္ဒနယ်	ပါဝင်သည့်နယ်မြေများ
	ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
(၁)	မဲဆန္ဒနယ်အမှတ်(၃)	ဖလမ်းခရိုင်တစ်ခုလုံး။
	ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
(၂)	မဲဆန္ဒနယ်အမှတ်(၆)	အမ်းခရိုင်တစ်ခုလုံး။

(ဂ) ရွေးကောက်ပွဲများကျင်းပခြင်း မပြုမည့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံး ရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် (၉) နယ်

စဉ်	မဲဆန္ဒနယ်	ပါဝင်သည့်နယ်မြေများ
	ချင်းပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
(၁)	တွန်းဇံမြို့နယ် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်တစ်ခုလုံး။
(၂)	ဖလမ်းမြို့နယ် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်တစ်ခုလုံး။
(၃)	ထန်တလန်မြို့နယ် မဲဆန္ဒနယ်	ထန်တလန်မြို့နယ် တစ်ခုလုံး။
	စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
(၄)	ကောလင်းမြို့နယ် မဲဆန္ဒနယ်	ကောလင်းမြို့နယ် တစ်ခုလုံး။
(၅)	ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်	ဗန်းမောက်မြို့နယ် တစ်ခုလုံး။
	ရခိုင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
(၆)	အမ်းမြို့နယ် မဲဆန္ဒနယ်	အမ်းမြို့နယ်တစ်ခုလုံး။
(၇)	သံတွဲမြို့နယ် မဲဆန္ဒနယ်	သံတွဲမြို့နယ်တစ်ခုလုံး။
(၈)	ဂွမြို့နယ် မဲဆန္ဒနယ်	ဂွမြို့နယ် တစ်ခုလုံး။
(၉)	တောင်ကုတ်မြို့နယ် မဲဆန္ဒနယ်	တောင်ကုတ်မြို့နယ် တစ်ခုလုံး။

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၆၅ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၃ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၅၇ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၂ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း (၃) တွင် **ကချင်ပြည်နယ်**အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန်အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည် မဟုတ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ (စ) အရ ထုတ်ပြန်ကြေညာလိုက်သည် -

စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ဗန်းမော်မြို့နယ်	၁။ သီရိရပ်ကွက်(ဗန်းမော်မြို့)၊
		၂။ ဆင်ကုန်းရပ်ကွက်(ဗန်းမော်မြို့)၊
		၃။ အောင်သာရပ်ကွက်(ဗန်းမော်မြို့)၊
		၄။ ကျွဲချို-ကမ္ဘာနီကျေးရွာအုပ်စု၊
		၅။ ချောင်းဝကျေးရွာအုပ်စု၊
		၆။ နောင်လိုက်ကျေးရွာအုပ်စု၊
		၇။ မံခွန်ကျေးရွာအုပ်စု၊
		၈။ မံဖာကျေးရွာအုပ်စု၊
		၉။ မိုးဖိန်းကျေးရွာအုပ်စု၊
		၁၀။ တာမိုင်းလုံကျေးရွာအုပ်စု၊
		၁၁။ ဟဲလုံသစ်ကျေးရွာအုပ်စု၊
		၁၂။ ဟဲလုံဟောင်းကျေးရွာအုပ်စု၊
		၁၃။ ဆိုင်ကင်ကျေးရွာအုပ်စု၊
		၁၄။ မလူလာကျေးရွာအုပ်စု၊
		၁၅။ နန့်လှိုင်ကျေးရွာအုပ်စု၊
		၁၆။ ခူးလီကျေးရွာအုပ်စု၊
		၁၇။ မအူပင်ကျေးရွာအုပ်စု၊
		၁၈။ မံရေးကျေးရွာအုပ်စု၊
		၁၉။ စင့်ကင်ကျေးရွာအုပ်စု၊
		၂၀။ သိန်လင်ကျေးရွာအုပ်စု၊
		၂၁။ ကုန်းမဟတ်ကျေးရွာအုပ်စု၊
		၂၂။ စီဟဲကျေးရွာအုပ်စု၊
		၂၃။ ကမ္ဘာနီကျေးရွာအုပ်စု၊
		၂၄။ ညောင်ပင်သာကျေးရွာအုပ်စု၊
		၂၅။ စာဝတီးကျေးရွာအုပ်စု၊
		၂၆။ မံရွတ်ကျေးရွာအုပ်စု၊
		၂၇။ မံမလင်းကျေးရွာအုပ်စု၊
		၂၈။ ကုန်းခါးကျေးရွာအုပ်စု၊
		၂၉။ မံပင်ကျေးရွာအုပ်စု၊
		၃၀။ ကျွန်းကြီးကျေးရွာအုပ်စု၊
		၃၁။ မိုင်းကာကျေးရွာအုပ်စု၊
		၃၂။ သဖန်းပင်ကျေးရွာအုပ်စု၊
		၃၃။ ငှက်ပျောတောကျေးရွာအုပ်စု၊
		၃၄။ မြစေတီကျေးရွာအုပ်စု၊
		၃၅။ ပါပေါင်းကျေးရွာအုပ်စု၊

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

၃၆။ ကောင်းစင့်ကျေးရွာအုပ်စု၊
၃၇။ ရေနီကျေးရွာအုပ်စု၊
၃၈။ ကံသာကျေးရွာအုပ်စု၊
၃၉။ လက်ပန်တန်းကျေးရွာအုပ်စု၊
၄၀။ တိန်းသော်ကျေးရွာအုပ်စု၊
၄၁။ စင်းခန်းကျေးရွာအုပ်စု၊
၄၂။ ကောင်းတုံကျေးရွာအုပ်စု၊
၄၃။ နောင်မိုကျေးရွာအုပ်စု။

၂။ မံစီမြို့နယ်
၁။ မောရဝတီရပ်ကွက်(မံစီမြို့)၊
၂။ ဂျိန်းဖော့မြေရပ်ကွက်(မံစီမြို့)၊
၃။ ပြင်ဦးလွင်ရပ်ကွက်(မံစီမြို့)၊
၄။ ကောင်ရာရပ်ကွက်(မံစီမြို့)၊
၅။ ချောင်းထောက်ကျေးရွာအုပ်စု၊
၆။ မံခံရေခူးကျေးရွာအုပ်စု၊
၇။ ဟန်ထက်ကျေးရွာအုပ်စု၊
၈။ ကုန်းတိန်ကျေးရွာအုပ်စု၊
၉။ မံသာကျေးရွာအုပ်စု၊
၁၀။ မိုင်းခေါင်ကျေးရွာအုပ်စု၊
၁၁။ ဂျေစွမ်းကျေးရွာအုပ်စု၊
၁၂။ လဂျောင်ကျေးရွာအုပ်စု၊
၁၃။ မဒန်ယန်ကျေးရွာအုပ်စု၊
၁၄။ အူရာဘွမ်ကျေးရွာအုပ်စု၊
၁၅။ အင်ဘာပါကျေးရွာအုပ်စု၊
၁၆။ ဇိန်ရောင်ကျေးရွာအုပ်စု၊
၁၇။ ဒွမ်ဘွတ်ကျေးရွာအုပ်စု၊
၁၈။ ဂိုင်ဒေါ်မန်ဘန်(မန်ဘန်ဘွမ်း) ကျေးရွာအုပ်စု၊
၁၉။ ခနားပါကျေးရွာအုပ်စု၊
၂၀။ ဆဒုံးကျေးရွာအုပ်စု၊
၂၁။ မိုင်ဘတ်ကျေးရွာအုပ်စု၊
၂၂။ တုန်ဟုန်းကျေးရွာအုပ်စု၊
၂၃။ ဒိန်ဆိန်းပါကျေးရွာအုပ်စု၊
၂၄။ မံဝိန်းကျေးရွာအုပ်စု၊
၂၅။ မံမွမ်းကျေးရွာအုပ်စု၊
၂၆။ နောင်လုတ်ကျေးရွာအုပ်စု၊
၂၇။ နောင်စွမ်းကျေးရွာအုပ်စု၊
၂၈။ ပန်ခမ်းကျေးရွာအုပ်စု၊
၂၉။ နမ့်ခါးပါကျေးရွာအုပ်စု၊
၃၀။ လဂါတ်ဒွေ့ကျေးရွာအုပ်စု၊
၃၁။ ကိုက်ထိပ်ကျေးရွာအုပ်စု၊
၃၂။ ဇော်ဘုံထိန်နုကျေးရွာအုပ်စု၊
၃၃။ ဘန်ဂေါ်ထိန်နုကျေးရွာအုပ်စု၊
၃၄။ အူလန်ပါကျေးရွာအုပ်စု၊
၃၅။ ကောင်လွင်ကျေးရွာအုပ်စု၊
၃၆။ စီအူကျေးရွာအုပ်စု၊
၃၇။ စီကော်ကျေးရွာအုပ်စု၊
၃၈။ သံတံတားကျေးရွာအုပ်စု၊
၃၉။ စီခမ်းကြီးကျေးရွာအုပ်စု၊
၄၀။ နန့်လင်းပါကျေးရွာအုပ်စု၊
၄၁။ မုန်းဒိန်ပါကျေးရွာအုပ်စု၊
၄၂။ တမော်ကျေးရွာအုပ်စု၊
၄၃။ လခွမ်းယာမာကျေးရွာအုပ်စု။

၃။ မိုးမောက်မြို့နယ်
၁။ ခါနန်ရပ်ကွက်(မိုးမောက်မြို့)၊
၂။ အလင်းကောင်ရပ်ကွက်(မိုးမောက်မြို့)၊
၃။ ကြေးနန်းရပ်ကွက်(မိုးမောက်မြို့)၊
၄။ အောင်မင်္ဂလာရပ်ကွက်(လွယ်ဂျယ်မြို့)၊
၅။ အောင်သီရိရပ်ကွက်(လွယ်ဂျယ်မြို့)၊
၆။ အောင်ချမ်းသာရပ်ကွက်(လွယ်ဂျယ်မြို့)၊
၇။ အောင်သစ္စာရပ်ကွက်(လွယ်ဂျယ်မြို့)၊
၈။ အောင်ဇေယျာရပ်ကွက်(လွယ်ဂျယ်မြို့)၊
၉။ ဆိုင်းဂျာရပ်ကွက်(လွယ်ဂျယ်မြို့)၊
၁၀။ ကောင်နန်ရပ်ကွက်(လွယ်ဂျယ်မြို့)၊
၁၁။ အမှတ်(၁)ရပ်ကွက်(ဒွေ့ဖုန်းယန်မြို့)၊
၁၂။ အမှတ်(၂)ရပ်ကွက်(ဒွေ့ဖုန်းယန်မြို့)၊
၁၃။ အမှတ်(၃)ရပ်ကွက်(ဒွေ့ဖုန်းယန်မြို့)၊
၁၄။ ကျောက်စခန်းကျေးရွာအုပ်စု၊
၁၅။ ကျရီဒဂေါ်ကျေးရွာအုပ်စု၊
၁၆။ ကွမ်ဘန်ကျေးရွာအုပ်စု၊
၁၇။ ကျခန်းဒပ်ကျေးရွာအုပ်စု၊
၁၈။ ဂွယ်ကထောင်ကျေးရွာအုပ်စု၊
၁၉။ ဖကောန်ကျေးရွာအုပ်စု၊
၂၀။ ပရန်ဟူဒုံးကျေးရွာအုပ်စု၊
၂၁။ မရူဝါထန်ကျေးရွာအုပ်စု၊
၂၂။ မြို့သစ်ကျေးရွာအုပ်စု၊
၂၃။ မင်းကျမ်းကျေးရွာအုပ်စု၊
၂၄။ စီကော်ကျေးရွာအုပ်စု၊
၂၅။ ခုံဆင့်ကျေးရွာအုပ်စု၊
၂၆။ မန်နောင်ကျေးရွာအုပ်စု၊
၂၇။ နှင်းအီကျေးရွာအုပ်စု၊
၂၈။ ပန်ချိုးဟိုင်ကျေးရွာအုပ်စု၊
၂၉။ မခွယ်ကျေးရွာအုပ်စု၊
၃၀။ နောင်ကွမ်(နောင်ကောန်)ကျေးရွာအုပ်စု၊
၃၁။ နောင်းကုန်ကျေးရွာအုပ်စု၊
၃၂။ မိုင်းခတ်ကျေးရွာအုပ်စု၊
၃၃။ တာလီကျေးရွာအုပ်စု၊
၃၄။ နွမ်လန်းကျေးရွာအုပ်စု၊
၃၅။ ဇီးဝုန်းဂေ့ါကျေးရွာအုပ်စု၊
၃၆။ စိန်လုံကျေးရွာအုပ်စု၊
၃၇။ ပန်မူကျေးရွာအုပ်စု၊
၃၈။ ကုန်ပြီကျေးရွာအုပ်စု၊
၃၉။ စိန်လုံကဂျီကျေးရွာအုပ်စု၊
၄၀။ ကလဲချက်ကျေးရွာအုပ်စု၊
၄၁။ မံမော်ကောင်းကျေးရွာအုပ်စု၊
၄၂။ ဘလောင်ကောင်ကျေးရွာအုပ်စု၊
၄၃။ ဘွမ်ကထောင်ကျေးရွာအုပ်စု၊
၄၄။ ကွမ်းရှိုး(ပွမ်းရှိုး)ကျေးရွာအုပ်စု၊
၄၅။ ကောင်းဆာကျေးရွာအုပ်စု၊
၄၆။ ပရန်ငေါ်န်ကျေးရွာအုပ်စု၊
၄၇။ ဘွမ်တောန်ကျေးရွာအုပ်စု၊
၄၈။ လေ့ခွမ်ကျေးရွာအုပ်စု၊
၄၉။ ခရိန်မူးဒါန်ကျေးရွာအုပ်စု၊
၅၀။ ပန်ခတ်ကျေးရွာအုပ်စု၊
၅၁။ ဝိန်းခမ်းကျေးရွာအုပ်စု၊
၅၂။ မကျန်ကျေးရွာအုပ်စု၊
၅၃။ ဒိန်ဂါယန်ကျေးရွာအုပ်စု၊
၅၄။ အင်ဘောမိုင်းကျင်းကျေးရွာအုပ်စု၊
၅၅။ အူထန်ယန်ကျေးရွာအုပ်စု၊
၅၆။ တိန်းဘုရားကျေးရွာအုပ်စု၊
၅၇။ သိန်လုံကျေးရွာအုပ်စု၊
၅၈။ ဖာကေကျေးရွာအုပ်စု၊
၅၉။ တာဆိုင်ကျေးရွာအုပ်စု၊
၆၀။ နားလုံကျေးရွာအုပ်စု၊
၆၁။ မံသဲကျေးရွာအုပ်စု၊
၆၂။ တုန်ဟုန်းယန်ကျေးရွာအုပ်စု၊
၆၃။ မံမော်ကျေးရွာအုပ်စု၊
၆၄။ မံပိန်(ပိန်)ကျေးရွာအုပ်စု၊
၆၅။ လိုင်လွမ်လီဆောကျေးရွာအုပ်စု။

၄။ ရွှေကူမြို့နယ်
၁။ အမှတ်(၁)ရပ်ကွက်(မြို့လှမြို့)၊
၂။ အမှတ်(၂)ရပ်ကွက်(မြို့လှမြို့)၊
၃။ အမှတ်(၃)ရပ်ကွက်(မြို့လှမြို့)၊
၄။ အမှတ်(၄)ရပ်ကွက်(မြို့လှမြို့)၊
၅။ နောင်မိုကျေးရွာအုပ်စု၊
၆။ သဘော်အင်းကျေးရွာအုပ်စု၊
၇။ မိုးစစ်ကျေးရွာအုပ်စု၊
၈။ ရေလဲကျေးရွာအုပ်စု၊
၉။ ဆင်တပ်ကျေးရွာအုပ်စု၊
၁၀။ စင်းဖုတ်ကျေးရွာအုပ်စု၊
၁၁။ ပန်းတင်ကျေးရွာအုပ်စု၊
၁၂။ စီသောင်ကျေးရွာအုပ်စု၊
၁၃။ မံဝိန်းကျေးရွာအုပ်စု၊
၁၄။ စီသာကျေးရွာအုပ်စု၊
၁၅။ စီမော်ကျေးရွာအုပ်စု၊
၁၆။ စီမူကြီးကျေးရွာအုပ်စု၊
၁၇။ နောင်လက်ကြီးကျေးရွာအုပ်စု၊
၁၈။ ဘိုကုန်းကျေးရွာအုပ်စု၊
၁၉။ ရွှေဘုံသာကျေးရွာအုပ်စု၊
၂၀။ တိန်းဟွန်းကျေးရွာအုပ်စု၊
၂၁။ သရက်ကုန်းကျေးရွာအုပ်စု၊
၂၂။ ဆိပ်သာကျေးရွာအုပ်စု၊
၂၃။ သပြေလှကျေးရွာအုပ်စု၊
၂၄။ မဏိသြဂကျေးရွာအုပ်စု၊
၂၅။ ကျောက်ကြီးကျေးရွာအုပ်စု၊
၂၆။ မြို့ကုန်းကျေးရွာအုပ်စု၊
၂၇။ စီသော်ကျေးရွာအုပ်စု၊
၂၈။ နမ့်ခူးကျေးရွာအုပ်စု၊
၂၉။ လဖိုင်ကထောင်ကျေးရွာအုပ်စု၊
၃၀။ ဖလပ်လွယ်ဘော်ကျေးရွာအုပ်စု၊
၃၁။ ဒွါရှီလွယ်ဘော်ကျေးရွာအုပ်စု၊
၃၂။ ကင်လားကောင်ကျေးရွာအုပ်စု၊
၃၃။ ဖာ့ဝတ်ကျေးရွာအုပ်စု၊
၃၄။ ရွှေချောင်းသာကျေးရွာအုပ်စု၊
၃၅။ အမတ်ကြီးကုန်းကျေးရွာအုပ်စု၊
၃၆။ မင်းကျောင်းကုန်းကျေးရွာအုပ်စု၊
၃၇။ ပန်ခွန်ယန်ကျေးရွာအုပ်စု၊
၃၈။ ခွါဖောက်ကျေးရွာအုပ်စု၊
၃၉။ ခွါဘရောင်ကျေးရွာအုပ်စု။

၅။ ဖားကန့်မြို့နယ်
၁။ လုံးခင်းကျေးရွာအုပ်စု၊
၂။ နမ့်မဖြစ်ကျေးရွာအုပ်စု၊
၃။ ဆိပ်မူကျေးရွာအုပ်စု၊
၄။ ဟောင်ပါးကျေးရွာအုပ်စု၊
၅။ ဂေါ်ရီကျေးရွာအုပ်စု၊
၆။ နန့်စီအင်ကျေးရွာအုပ်စု၊
၇။ ကထန်ယန်ကျေးရွာအုပ်စု၊
၈။ ကပ်မော်ဇွပ်ကျေးရွာအုပ်စု။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

PDF Game
ဆော့ကစားခြင်းကြောင့်
ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၃ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း (၃) တွင် **ကရင်ပြည်နယ်**အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (စ) အရ ထုတ်ပြန်ကြေညာလိုက်သည် -

စဉ် မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု

၁။ ကော့ကရိတ်မြို့နယ်
- ၁။ သရက်တောကျေးရွာအုပ်စု၊
- ၂။ ဝဲလစ်ကျေးရွာအုပ်စု၊
- ၃။ အင်းရှည်ကျေးရွာအုပ်စု၊
- ၄။ ခနိမ်းဖော်ကျေးရွာအုပ်စု၊
- ၅။ နဘူးတံခွန်တိုင်ကျေးရွာအုပ်စု၊
- ၆။ နောင်တပွဲကျေးရွာအုပ်စု၊
- ၇။ ထီကလေးကျေးရွာအုပ်စု၊
- ၈။ နောင်ကိုင်းကျေးရွာအုပ်စု၊
- ၉။ ထိဖိုးဇံကျေးရွာအုပ်စု၊
- ၁၀။ နောင်ထပွံ့ကျေးရွာအုပ်စု၊
- ၁၁။ မြပတိုင်ကျေးရွာအုပ်စု၊
- ၁၂။ ကျုံဘိုင်းကျေးရွာအုပ်စု၊
- ၁၃။ ဒေါဖျာကျေးရွာအုပ်စု၊
- ၁၄။ ရန်ကုတ်ကျေးရွာအုပ်စု၊
- ၁၅။ တတံကူးကျေးရွာအုပ်စု၊
- ၁၆။ ကော့နွဲ့ကျေးရွာအုပ်စု၊
- ၁၇။ မြောက်ကြာအင်းကျေးရွာအုပ်စု၊
- ၁၈။ ဟောင်သရောကျေးရွာအုပ်စု၊
- ၁၉။ အံဖကြီးကျေးရွာအုပ်စု၊
- ၂၀။ စက္ကဝက်ကျေးရွာအုပ်စု၊
- ၂၁။ ဒေါက်ပလန်ကျေးရွာအုပ်စု၊
- ၂၂။ ကျုံဒိုးချောင်းဖျားကျေးရွာအုပ်စု၊
- ၂၃။ အင်းကြီးကျေးရွာအုပ်စု၊
- ၂၄။ ကော့ဝါလဲကျေးရွာအုပ်စု၊
- ၂၅။ ရေပူကြီးကျေးရွာအုပ်စု၊
- ၂၆။ မြောက်ကမ္မရိုက်ကျေးရွာအုပ်စု၊
- ၂၇။ တောင်ကမ္မရိုက်ကျေးရွာအုပ်စု၊
- ၂၈။ သမိန်ဒွတ်ကျေးရွာအုပ်စု၊
- ၂၉။ ဝင်းကကျေးရွာအုပ်စု၊
- ၃၀။ ထီဟူးသံကျေးရွာအုပ်စု၊
- ၃၁။ တောင်ကြာအင်းကျေးရွာအုပ်စု၊
- ၃၂။ လောင်းကိုင်ကျေးရွာအုပ်စု၊
- ၃၃။ အံကောင်ကျေးရွာအုပ်စု၊
- ၃၄။ တရိတခေါင်းကျေးရွာအုပ်စု၊
- ၃၅။ သပြု(ကမော့ပိ)ကျေးရွာအုပ်စု၊
- ၃၆။ အနောက်ဘက်ကမ်းကျေးရွာအုပ်စု၊
- ၃၇။ ကမ်းနီကျေးရွာအုပ်စု၊
- ၃၈။ မိကလုံကျေးရွာအုပ်စု၊
- ၃၉။ ကုလားကျောက်ဖျာကျေးရွာအုပ်စု၊
- ၄၀။ ကရင်ကျောက်ဖျာကျေးရွာအုပ်စု၊
- ၄၁။ ကော့လျှမ်းကျေးရွာအုပ်စု၊
- ၄၂။ ဖါးဘုတ်ကျေးရွာအုပ်စု၊
- ၄၃။ အီဘိုင်းကျေးရွာအုပ်စု၊
- ၄၄။ ကညင်ကတိုက်ကျေးရွာအုပ်စု၊
- ၄၅။ ခရစ်ကျောက်တန်းကျေးရွာအုပ်စု၊
- ၄၆။ မင်းရွာကျေးရွာအုပ်စု၊
- ၄၇။ ကော့ပေါက်ကျေးရွာအုပ်စု၊
- ၄၈။ ကော့ဘိန်းကျေးရွာအုပ်စု၊
- ၄၉။ ကော့ဂိုးကျေးရွာအုပ်စု၊
- ၅၀။ ပိုင်ရပ်ကျေးရွာအုပ်စု၊
- ၅၁။ ခရင်းကျေးရွာအုပ်စု။

၂။ ကြာအင်းဆိပ်ကြီးမြို့နယ်
- ၁။ အမှတ်(၁)ရပ်ကွက်(ကျိုက်ဒုံမြို့)၊
- ၂။ အမှတ်(၂)ရပ်ကွက်(ကျိုက်ဒုံမြို့)၊
- ၃။ အမှတ်(၃)ရပ်ကွက်(ကျိုက်ဒုံမြို့)၊
- ၄။ အမှတ်(၄)ရပ်ကွက်(ကျိုက်ဒုံမြို့)၊
- ၅။ အမှတ်(၅)ရပ်ကွက်(ကျိုက်ဒုံမြို့)၊
- ၆။ အမှတ်(၆)ရပ်ကွက်(ကျိုက်ဒုံမြို့)၊
- ၇။ အမှတ်(၁)ရပ်ကွက်(ဘုရားသုံးဆူမြို့)၊
- ၈။ အမှတ်(၂)ရပ်ကွက်(ဘုရားသုံးဆူမြို့)၊
- ၉။ အမှတ်(၃)ရပ်ကွက်(ဘုရားသုံးဆူမြို့)၊
- ၁၀။ အမှတ်(၄)ရပ်ကွက်(ဘုရားသုံးဆူမြို့)၊
- ၁၁။ ရွှေတောင်ဘိုကျေးရွာအုပ်စု၊
- ၁၂။ ကမော့ကျေးရွာအုပ်စု၊
- ၁၃။ သံပုရာကျေးရွာအုပ်စု၊
- ၁၄။ အကလောကျေးရွာအုပ်စု၊
- ၁၅။ ဒါလီကျေးရွာအုပ်စု၊
- ၁၆။ ကျခတ်ချောင်းကျေးရွာအုပ်စု၊
- ၁၇။ နတ်ချောင်းကန်းနားကျေးရွာအုပ်စု၊
- ၁၈။ နတ်ချောင်းအလယ်ကျေးရွာအုပ်စု၊
- ၁၉။ ရသေ့ကျေးရွာအုပ်စု၊
- ၂၀။ ခနိုးကျေးရွာအုပ်စု၊
- ၂၁။ ကစပ်ကျေးရွာအုပ်စု၊
- ၂၂။ ကွမ်ကသောင်ကျေးရွာအုပ်စု၊
- ၂၃။ ဆိပ်ကလေးကျေးရွာအုပ်စု၊
- ၂၄။ ခလယ်စောကျေးရွာအုပ်စု၊
- ၂၅။ ခွေးသိုးဆိပ်ကျေးရွာအုပ်စု၊
- ၂၆။ ဝင်းရော်ဆိပ်ကြီးကျေးရွာအုပ်စု၊
- ၂၇။ တောင်ဒီးကျေးရွာအုပ်စု၊
- ၂၈။ တံခွန်တိုင်ကျေးရွာအုပ်စု၊
- ၂၉။ ခလယ်ကျေးရွာအုပ်စု၊
- ၃၀။ ပြောင်မထိမ်ကျေးရွာအုပ်စု၊
- ၃၁။ ထိဆုံကျေးရွာအုပ်စု၊
- ၃၂။ ကျွန်းချောင်းကျေးရွာအုပ်စု၊
- ၃၃။ ကိုးမားကျေးရွာအုပ်စု၊
- ၃၄။ လွတ်ရှမ်းကျေးရွာအုပ်စု၊
- ၃၅။ အနန်းကွင်းကျေးရွာအုပ်စု၊
- ၃၆။ ကျောက်ဘီလူးကျေးရွာအုပ်စု၊
- ၃၇။ ဝင်းခနကျေးရွာအုပ်စု၊
- ၃၈။ ဖါးပြကျေးရွာအုပ်စု၊
- ၃၉။ ကျုံခဝန်ကျေးရွာအုပ်စု၊
- ၄၀။ ခုဒုံကျေးရွာအုပ်စု၊
- ၄၁။ အစွန်းကျေးရွာအုပ်စု၊
- ၄၂။ လန်းဖါးကျေးရွာအုပ်စု၊
- ၄၃။ ကော့ဆိုင်ကျေးရွာအုပ်စု၊
- ၄၄။ သဃ်န်းပင်ဆိပ်ကျေးရွာအုပ်စု၊
- ၄၅။ ပိုင်ကလာဒုံရွာအုပ်စု၊
- ၄၆။ ကွင်းကလေးကျေးရွာအုပ်စု၊
- ၄၇။ မော်ခဲခီးကျေးရွာအုပ်စု၊
- ၄၈။ မိတန်ကျေးရွာအုပ်စု၊
- ၄၉။ သာကထကျေးရွာအုပ်စု၊
- ၅၀။ ထီဝါကလူးကျေးရွာအုပ်စု၊
- ၅၁။ မိနအကျေးရွာအုပ်စု၊
- ၅၂။ ဖါကွီးကျေးရွာအုပ်စု၊
- ၅၃။ အဇင်းကျေးရွာအုပ်စု၊
- ၅၄။ ခွိကလုံကျေးရွာအုပ်စု၊
- ၅၅။ တောင်ကလေးကျေးရွာအုပ်စု၊
- ၅၆။ ခွါဟေးကျေးရွာအုပ်စု၊
- ၅၇။ လယ်တောကြီးကျေးရွာအုပ်စု၊
- ၅၈။ ကမော့သဲ(ဝင်းလုံ)ကျေးရွာအုပ်စု၊
- ၅၉။ တောင်ဝိုင်းကျေးရွာအုပ်စု၊
- ၆၀။ နောင်တခိုကျေးရွာအုပ်စု။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၄ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း (၃) တွင် **စစ်ကိုင်းတိုင်းဒေသကြီး**အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (စ) အရ ထုတ်ပြန်ကြေညာလိုက်သည် -

စဉ် မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု

၁။ ကနီမြို့နယ်
- ၁။ ကနဲကျေးရွာအုပ်စု၊
- ၂။ ဆူးလေကုန်းကျေးရွာအုပ်စု၊
- ၃။ စကမြားကျေးရွာအုပ်စု၊
- ၄။ နတ်ကြီးကျေးရွာအုပ်စု၊
- ၅။ ဝယာကျေးရွာအုပ်စု၊
- ၆။ မိုးကောင်းကျေးရွာအုပ်စု၊
- ၇။ တပေါင်းကျေးရွာအုပ်စု၊
- ၈။ တပုန်းကျေးရွာအုပ်စု၊
- ၉။ ထူးပေါက်ကျေးရွာအုပ်စု၊
- ၁၀။ ဝင်မနားကျေးရွာအုပ်စု၊
- ၁၁။ ကျွန်းပင်အိုင်ကျေးရွာအုပ်စု၊
- ၁၂။ ကင်းတောင်ကျေးရွာအုပ်စု၊
- ၁၃။ တောင်ပေါက်ကျေးရွာအုပ်စု၊
- ၁၄။ ယက္ကန်းတိုင်ကျေးရွာအုပ်စု၊
- ၁၅။ သမင်ခြံကျေးရွာအုပ်စု၊
- ၁၆။ ချိုင်ကျေးရွာအုပ်စု၊
- ၁၇။ မုဋ္ဌောကျေးရွာအုပ်စု၊
- ၁၈။ အိုင်တောင်ကျေးရွာအုပ်စု၊
- ၁၉။ ချောင်းမကျေးရွာအုပ်စု၊
- ၂၀။ လင်ပုန်းရည်ကျေးရွာအုပ်စု၊
- ၂၁။ ဇီးပင်တွင်းကျေးရွာအုပ်စု၊
- ၂၂။ တွင်းကျေးရွာအုပ်စု၊
- ၂၃။ ယင်းယိမ်ကျေးရွာအုပ်စု၊
- ၂၄။ မျိုင်းကျေးရွာအုပ်စု၊
- ၂၅။ ဘုမ္မဇင်းကျေးရွာအုပ်စု၊
- ၂၆။ ကဲတောင်ကျေးရွာအုပ်စု၊
- ၂၇။ ခုံကြီးကျေးရွာအုပ်စု၊
- ၂၈။ လာပို့ကျေးရွာအုပ်စု၊
- ၂၉။ ဒိုင်ကြီးကျေးရွာအုပ်စု၊
- ၃၀။ ယင်းသွင်ကျေးရွာအုပ်စု၊
- ၃၁။ တဇယ်ချောင်ကျေးရွာအုပ်စု၊
- ၃၂။ နတ်လာပို့မြောက်ကျေးရွာအုပ်စု၊
- ၃၃။ နတ်လာပို့တောင်ကျေးရွာအုပ်စု၊
- ၃၄။ လယ်ရှည်ကျေးရွာအုပ်စု၊
- ၃၅။ ယာကြီးကျေးရွာအုပ်စု၊
- ၃၆။ မဲဒင်ကျေးရွာအုပ်စု၊
- ၃၇။ ဆင်အိုကျေးရွာအုပ်စု၊
- ၃၈။ ထနောင်းပကားကျေးရွာအုပ်စု၊
- ၃၉။ နတ်ရဲတောင်ကျေးရွာအုပ်စု၊
- ၄၀။ ကျော်ရွာကျေးရွာအုပ်စု၊
- ၄၁။ ဘုတ်ကုန်းကျေးရွာအုပ်စု။
- ၄၂။ အုမ္မကျေးရွာအုပ်စု၊
- ၄၃။ ယင်းကျေးရွာအုပ်စု၊
- ၄၄။ ကင်းကျေးရွာအုပ်စု၊
- ၄၅။ ကူးဆိပ်ကျေးရွာအုပ်စု။

စာမျက်နှာ ၈ သို့

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၅ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများ စာရင်းထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း (၃) တွင် **တနင်္သာရီတိုင်းဒေသကြီး**အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများ၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည် မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

စဉ်	မြို့နယ်		ရပ်ကွက်/ကျေးရွာအုပ်စု
၁။	လောင်းလုံး မြို့နယ်	၁။	ပြင်းထိန်ကျေးရွာအုပ်စု၊
		၂။	ဝေဒီကျေးရွာအုပ်စု၊
		၃။	ကညီ့ကျွန်းကျေးရွာအုပ်စု၊
		၄။	သဗျာကျေးရွာအုပ်စု၊
		၅။	အင်းဇောက်ကျေးရွာအုပ်စု၊
		၆။	ပန်းဒလဲကျေးရွာအုပ်စု၊
		၇။	ရွာဟောင်းဝကျေးရွာအုပ်စု၊
		၈။	မင်းရပ်ကျေးရွာအုပ်စု၊
		၉။	လေးသွန်းခံကျေးရွာအုပ်စု၊
		၁၀။	စစ်ပြဲကျေးရွာအုပ်စု၊
		၁၁။	ညင်းမော်ကျေးရွာအုပ်စု၊
		၁၂။	တီဇစ်ကျေးရွာအုပ်စု၊
		၁၃။	စမ်းလှမ်းကျေးရွာအုပ်စု၊
		၁၄။	ပညစ်ကျေးရွာအုပ်စု၊
		၁၅။	အောက်ရေဖြူကျေးရွာအုပ်စု၊
		၁၆။	ကထောင်းနီကျေးရွာအုပ်စု၊
		၁၇။	ကဒက်ကြီး(ရ-သိန်)ကျေးရွာအုပ်စု၊
		၁၈။	ပြင်ကျောင်းကျေးရွာအုပ်စု၊
		၁၉။	ကြက်ယက်တွင်းကျေးရွာအုပ်စု၊
		၂၀။	ကဒက်ငယ်ဆိပ်ကျေးရွာအုပ်စု၊
		၂၁။	ကျောက်ဆင်ကျေးရွာအုပ်စု၊
		၂၂။	ပန်းဒက်အင်းကျေးရွာအုပ်စု၊
		၂၃။	သာယာကုန်းကျေးရွာအုပ်စု၊
		၂၄။	ကမြောကြီးကျေးရွာအုပ်စု၊
		၂၅။	မြို့ဟောင်းကျေးရွာအုပ်စု၊
		၂၆။	တောင်မင်းပြောင်ကျေးရွာအုပ်စု၊
		၂၇။	ခမောင်းတောင်ကျေးရွာအုပ်စု၊
		၂၈။	နခံတောကျေးရွာအုပ်စု၊
		၂၉။	သကျက်တောကျေးရွာအုပ်စု၊
		၃၀။	တောကျဲကျေးရွာအုပ်စု၊
		၃၁။	သပြေရှောင်ကျေးရွာအုပ်စု၊
		၃၂။	ပြင်ကြီးကျွန်းကျေးရွာအုပ်စု၊
		၃၃။	ဇလွတ်ကျေးရွာအုပ်စု၊
		၃၄။	ကျောက်တွင်းကျေးရွာအုပ်စု၊
		၃၅။	ကျောက်မတ်တတ်ကျေးရွာအုပ်စု၊
		၃၆။	ကျောက်ဝပ်ပြင်ကျေးရွာအုပ်စု၊
		၃၇။	ကျောက်နီမော်ကျေးရွာအုပ်စု၊
		၃၈။	အောက်ကျောက်ဝပ်ကျေးရွာအုပ်စု။
၂။	သရက်ချောင်း မြို့နယ်	၁။	ပန်းချီရှောင်ကျေးရွာအုပ်စု၊
		၂။	ဥတ္တာကျေးရွာအုပ်စု၊
		၃။	သရက်နှစ်ခွကျေးရွာအုပ်စု၊
		၄။	သင်းကျွန်းကျေးရွာအုပ်စု၊
		၅။	ရန်တောင်ကျေးရွာအုပ်စု၊
		၆။	ညောင်ဇင်ကျေးရွာအုပ်စု၊
		၇။	ကြာအင်းကျေးရွာအုပ်စု၊
		၈။	ကင်းရှေ့ကျေးရွာအုပ်စု၊
		၉။	စော်ဖျားကျေးရွာအုပ်စု၊
		၁၀။	ပဒတ်ချောင်းကျေးရွာအုပ်စု၊
		၁၁။	ဆင်ကူးကျေးရွာအုပ်စု၊
		၁၂။	လဘာကျေးရွာအုပ်စု၊
		၁၃။	ပြင်းဖြူကြီးကျေးရွာအုပ်စု၊
		၁၄။	စုံစင်ကျေးရွာအုပ်စု၊
		၁၅။	ပြင်းဖြူသားကျေးရွာအုပ်စု၊
		၁၆။	ချောင်းဝပြင်ကျေးရွာအုပ်စု၊
		၁၇။	ရေချိုချောင်းကျေးရွာအုပ်စု၊
		၁၈။	ဂုံညှင်းဆိပ်ကျေးရွာအုပ်စု၊
		၁၉။	ရင်ငဲကျေးရွာအုပ်စု၊
		၂၀။	ကမြိုင်ကျေးရွာအုပ်စု၊
		၂၁။	မင်းဒပ်ကျေးရွာအုပ်စု၊
		၂၂။	ကျွဲမင်းကုန်းကျေးရွာအုပ်စု၊
		၂၃။	ကနက်သီရိကျေးရွာအုပ်စု၊
		၂၄။	မယ်ကဲကျေးရွာအုပ်စု၊
		၂၅။	သဲချောင်းကြီးကျေးရွာအုပ်စု၊
		၂၆။	ကရင်တောင်ပျောက်ကျေးရွာအုပ်စု၊
		၂၇။	ရေပူကျေးရွာအုပ်စု၊
		၂၈။	ကတွဲကျေးရွာအုပ်စု၊
		၂၉။	ကညင်ချောင်းကျေးရွာအုပ်စု၊
		၃၀။	အောက်သရက်ချောင်းကျေးရွာအုပ်စု၊
		၃၁။	ပဒေါက်ကျေးရွာအုပ်စု၊
		၃၂။	ကျောက်ဆည်ကျေးရွာအုပ်စု၊
		၃၃။	မြန်မာပအော့ကျေးရွာအုပ်စု၊
		၃၄။	အစ်အစ်(ကရင်ပအော့)ကျေးရွာအုပ်စု၊
		၃၅။	ပဲဒက်ကျေးရွာအုပ်စု။
၃။	ပုလော မြို့နယ်	၁။	အမှတ်(၁)ရပ်ကွက်(ပလမြို့)၊
		၂။	အမှတ်(၂)ရပ်ကွက်(ပလမြို့)၊
		၃။	အမှတ်(၃)ရပ်ကွက်(ပလမြို့)၊
		၄။	အမှတ်(၄)ရပ်ကွက်(ပလမြို့)၊
		၅။	မီးကျောင်းသိုက်ကျေးရွာအုပ်စု၊
		၆။	ပုလောကုန်းကျေးရွာအုပ်စု၊
		၇။	ဇရပ်ဆိပ်ကျေးရွာအုပ်စု၊
		၈။	တောင်ယာကမ်းကျေးရွာအုပ်စု၊
		၉။	လက္ကျူးကျေးရွာအုပ်စု၊
		၁၀။	နန်းတောင်ကျေးရွာအုပ်စု၊
		၁၁။	ကဒဲကျေးရွာအုပ်စု၊
		၁၂။	ထမင်းမစားကျေးရွာအုပ်စု၊
		၁၃။	တိုကျေးရွာအုပ်စု၊
		၁၄။	ပုလောဖျားကျေးရွာအုပ်စု၊
		၁၅။	ပလကျေးရွာအုပ်စု၊
		၁၆။	မင်းထိန်ကျေးရွာအုပ်စု၊
		၁၇။	ရှမ်းဒွတ်ကျေးရွာအုပ်စု၊
		၁၈။	လိပ်သောင်ကျေးရွာအုပ်စု၊
		၁၉။	ဒူးရင်ပင်ရှောင်ကျေးရွာအုပ်စု၊
		၂၀။	မကျည်းကုန်းကျေးရွာအုပ်စု၊
		၂၁။	ပြင်ဘုကြီးကျေးရွာအုပ်စု၊
		၂၂။	ပြင်ဘုငယ်ကျေးရွာအုပ်စု၊
		၂၃။	ဆင်ထိုးကြီးကျေးရွာအုပ်စု၊
		၂၄။	ကျောက်လုံးကြီးကျေးရွာအုပ်စု၊
		၂၅။	နန်းသီလာကျေးရွာအုပ်စု။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၇ မှ

၂။	ဆားလင်းကြီး မြို့နယ်	၁။	အမှတ်(၁)ရပ်ကွက် (ဆားလင်းကြီးမြို့)၊
		၂။	အမှတ်(၂)ရပ်ကွက် (ဆားလင်းကြီးမြို့)၊
		၃။	အမှတ်(၃)ရပ်ကွက်(ဆားလင်းကြီးမြို့)၊
		၄။	ဒူးထောက်ကျေးရွာအုပ်စု၊
		၅။	ဆားထုံးကျေးရွာအုပ်စု၊
		၆။	ပေါင်းဝကျေးရွာအုပ်စု၊
		၇။	ထန်းဇင်ကျေးရွာအုပ်စု၊
		၈။	တုံကျေးရွာအုပ်စု၊
		၉။	လက်ပတောင်းကျေးရွာအုပ်စု၊
		၁၀။	ရွာရှည်ကျေးရွာအုပ်စု၊
		၁၁။	ညောင်ပင်ကြီးကျေးရွာအုပ်စု၊
		၁၂။	ကျောက်မျက်ကျေးရွာအုပ်စု၊
		၁၃။	တောင်ပလူကျေးရွာအုပ်စု၊
		၁၄။	မိုးကြိုးပြင်ကျေးရွာအုပ်စု၊
		၁၅။	ဖောင်းကတာကျေးရွာအုပ်စု၊
		၁၆။	ညောင်ပင်တိုကျေးရွာအုပ်စု၊
		၁၇။	ဘိုက်သရက်ကျေးရွာအုပ်စု၊
		၁၈။	မတောင့်တကျေးရွာအုပ်စု၊
		၁၉။	ရွှေသမင်ကျေးရွာအုပ်စု၊
		၂၀။	သမ္မတောကျေးရွာအုပ်စု၊
		၂၁။	ကျွဲခိုတောကျေးရွာအုပ်စု၊
		၂၂။	ပန်းထူးကျေးရွာအုပ်စု၊
		၂၃။	ရေမိန်ကျေးရွာအုပ်စု၊
		၂၄။	ရုံးပင်ရိုးကျေးရွာအုပ်စု၊
		၂၅။	ကျားတက်ကျေးရွာအုပ်စု၊
		၂၆။	ဇီးချိုင်ကျေးရွာအုပ်စု၊
		၂၇။	ဇီးပနီ(တောင်)ကျေးရွာအုပ်စု၊
		၂၈။	ဇီးပနီ(မြောက်)ကျေးရွာအုပ်စု၊
		၂၉။	ရွာသမင်းကျေးရွာအုပ်စု၊
		၃၀။	မြေစွန်းကျေးရွာအုပ်စု၊
		၃၁။	ဆုံတားကျေးရွာအုပ်စု၊
		၃၂။	ကျိုင်းခမောက်ကျေးရွာအုပ်စု၊
		၃၃။	ချောင်းရိုးကျေးရွာအုပ်စု၊
		၃၄။	ဖလန်ကန်ကျေးရွာအုပ်စု၊
		၃၅။	ဆားခါးကျေးရွာအုပ်စု၊
		၃၆။	ခွန်သာကျေးရွာအုပ်စု၊
		၃၇။	နှောကူးတို့ကျေးရွာအုပ်စု၊
		၃၈။	ငါးခုန်ကျေးရွာအုပ်စု၊
		၃၉။	ဘုတ်စုကျေးရွာအုပ်စု၊
		၄၀။	လင်းစကျက်ကျေးရွာအုပ်စု၊
		၄၁။	တရားကျေးရွာအုပ်စု။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်းရှိ မဲရုံများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၇

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲရုံများကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကော်မတီဝင်များနှင့်အတူ ကန်လှအခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ရှမ်းစုကျေးရွာအုပ်စုမှမဲရုံသို့ သွားရောက်ကြည့်ရှုကာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်ထားရှိမှု၊ တာဝန်ထမ်းဆောင်မည့် မဲရုံကြီးကြပ်၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မဲရုံလုံခြုံရေးနှင့် မဲပေးရန်လာရောက်သည့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစေရေးနှင့်အခြားလိုအပ်သည်များ မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပေတုန်းမျှောင်ကျေးရွာ မူလတန်းကျောင်းရှိမဲရုံနှင့် စံဝါအောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ မဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၇ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများ စာရင်းထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း (၃) တွင် **မန္တလေးတိုင်းဒေသကြီး** အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည် မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ (စ) အရ ထုတ်ပြန်ကြေညာလိုက်သည် -

စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ငါန်းဇွန် မြို့နယ်	၁။ သောင်ပြင်ကျေးရွာအုပ်စု၊
		၂။ အနောက်တောကျေးရွာအုပ်စု၊
		၃။ ဂျိုကျေးရွာအုပ်စု၊
		၄။ ပန်းကျေးရွာအုပ်စု၊
		၅။ တောင်လယ်တောကျေးရွာအုပ်စု၊
		၆။ ထွန်းသာကျေးရွာအုပ်စု၊
		၇။ တမာပင်ကျေးရွာအုပ်စု၊
		၈။ ရွာသစ်ကျေးရွာအုပ်စု၊
		၉။ ကျောက်တလုံးကျေးရွာအုပ်စု၊
		၁၀။ ခြသေ့်လက်ကျေးရွာအုပ်စု၊
		၁၁။ သနပ်စစ်ကျေးရွာအုပ်စု၊
		၁၂။ စီတောင်းကျေးရွာအုပ်စု၊
		၁၃။ မြို့သာကျေးရွာအုပ်စု၊
		၁၄။ ဂျွန်းကန်ကျေးရွာအုပ်စု၊
		၁၅။ ရွှေတောင်ကျေးရွာအုပ်စု၊
		၁၆။ သရက်ကန်ကျေးရွာအုပ်စု၊
		၁၇။ ပျင်းလှတောကျေးရွာအုပ်စု၊
		၁၈။ ကျွဲဇိမ်ကျေးရွာအုပ်စု၊
		၁၉။ ပေါက်စိမ်းကျေးရွာအုပ်စု၊
		၂၀။ မင်းနေကုန်းကျေးရွာအုပ်စု၊
		၂၁။ သံဘိုကျေးရွာအုပ်စု၊
		၂၂။ ဖြူတွင်းကုန်းကျေးရွာအုပ်စု၊
		၂၃။ ကောင်းဇင်ကျေးရွာအုပ်စု၊
		၂၄။ သံကုန်းကျေးရွာအုပ်စု၊
		၂၅။ ငါးလွှန့်ကျေးရွာအုပ်စု၊
		၂၆။ ဆပ်ပျာကျင်းကျေးရွာအုပ်စု၊
		၂၇။ မဂျီကျေးရွာအုပ်စု၊
		၂၈။ ရေလယ်သောင်ကျေးရွာအုပ်စု၊
		၂၉။ ကုလားကျေးရွာအုပ်စု၊
		၃၀။ ဆင်တပ်ကျေးရွာအုပ်စု၊
		၃၁။ ရွာဘိုကျေးရွာအုပ်စု၊
		၃၂။ ဆင်ဖြူကုန်းကျေးရွာအုပ်စု၊
		၃၃။ လက်ပံသာကျေးရွာအုပ်စု၊
		၃၄။ ရေဇင်းကျေးရွာအုပ်စု၊
		၃၅။ သကျင်ကျေးရွာအုပ်စု၊
		၃၆။ လက်ပကျင်းကျေးရွာအုပ်စု၊
		၃၇။ မကြီးကြပ်ကျေးရွာအုပ်စု၊
		၃၈။ နတ်ကြီးကျေးရွာအုပ်စု၊
		၃၉။ မရိုးကုန်းကျေးရွာအုပ်စု၊
		၄၀။ မိုးတောင်ကျေးရွာအုပ်စု၊
		၄၁။ ကုန်းလည်ကျေးရွာအုပ်စု၊
		၄၂။ သရက်ချိုပင်ကျေးရွာအုပ်စု၊
		၄၃။ ငါန်းမြာကျေးရွာအုပ်စု၊
		၄၄။ အိုင်သာကျေးရွာအုပ်စု။
၂။	မလှိုင် မြို့နယ်	၁။ ကမ္ဘားဖြူကျေးရွာအုပ်စု၊
		၂။ ပန်းအိုင်ကျေးရွာအုပ်စု၊
		၃။ ရေနီကျေးရွာအုပ်စု၊
		၄။ ရေထွက်ကျေးရွာအုပ်စု၊
		၅။ ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု၊
		၆။ မြင်းဦးလှည့်ကျေးရွာအုပ်စု၊
		၇။ ကျောက်တန်းကျေးရွာအုပ်စု၊
		၈။ ကံတွင်းကျေးရွာအုပ်စု၊
		၉။ ရုံးပင်ဇောက်ကျေးရွာအုပ်စု၊
		၁၀။ မြင်းတွင်းကျေးရွာအုပ်စု၊
		၁၁။ ဆုံတွင်းကျေးရွာအုပ်စု၊
		၁၂။ သဲကန်ကျေးရွာအုပ်စု၊
		၁၃။ အိုင်မရိုးကျေးရွာအုပ်စု၊
		၁၄။ ဝမ်ခဲ့လူးကျေးရွာအုပ်စု၊
		၁၅။ သပြေပင်ကျေးရွာအုပ်စု၊
		၁၆။ ကျွဲခြံကျေးရွာအုပ်စု၊
		၁၇။ သက္ကယ်ကျင်းကျေးရွာအုပ်စု၊
		၁၈။ အိမ်ကြီးတောကျေးရွာအုပ်စု၊
		၁၉။ သရက္ကောင်းပင်ကျေးရွာအုပ်စု၊
		၂၀။ သုံးတောင်ကျေးရွာအုပ်စု၊
		၂၁။ ပျော်ဘွယ်ကျေးရွာအုပ်စု၊
		၂၂။ နှောကန်ကျေးရွာအုပ်စု၊
		၂၃။ ဘောက်ခွေးတောကျေးရွာအုပ်စု၊
		၂၄။ ညောင်အုပ်ကျေးရွာအုပ်စု၊
		၂၅။ လက်ဆွေ့ကျေးရွာအုပ်စု၊
		၂၆။ မြောက်လည်ကျေးရွာအုပ်စု၊
		၂၇။ ရေငံကျေးရွာအုပ်စု၊
		၂၈။ အုပ်ကြီးကျေးရွာအုပ်စု၊
		၂၉။ ကြပ်ဆည်ကျေးရွာအုပ်စု၊
		၃၀။ ဆည်တိုကျေးရွာအုပ်စု၊
		၃၁။ ဒဟတ္တန်းကျေးရွာအုပ်စု၊
		၃၂။ လဲတောကျေးရွာအုပ်စု၊
		၃၃။ ယာကြီးကုန်းကျေးရွာအုပ်စု၊
		၃၄။ လယ်ဗျားကျေးရွာအုပ်စု။
၃။	တောင်သာ မြို့နယ်	၁။ အိုးဘိုကျေးရွာအုပ်စု၊
		၂။ သာယာကြီးကျေးရွာအုပ်စု၊
		၃။ ဘုရားလှကျေးရွာအုပ်စု၊
		၄။ နှမ်းကျေးရွာအုပ်စု၊
		၅။ ကံဆင့်ကျေးရွာအုပ်စု၊
		၆။ နန်းမြင့်ကျေးရွာအုပ်စု၊
		၇။ မိုးနှောင်းခင်းကျေးရွာအုပ်စု၊
		၈။ ဒါန်းဒိုင်ကျေးရွာအုပ်စု၊
		၉။ အောင်သာကျေးရွာအုပ်စု၊
		၁၀။ အလယ်ချိုင့်ကျေးရွာအုပ်စု၊
		၁၁။ နဘဲကန်ကျေးရွာအုပ်စု၊
		၁၂။ ကျောက်ချောကျေးရွာအုပ်စု၊
		၁၃။ လက်သဲချင်ကျေးရွာအုပ်စု၊
		၁၄။ လှည်းကူးမကျေးရွာအုပ်စု၊
		၁၅။ ဇရပ်ကြီးကျေးရွာအုပ်စု၊
		၁၆။ ချောင်းဆုံကျေးရွာအုပ်စု၊
		၁၇။ မကြီးပင်တဲကျေးရွာအုပ်စု၊
		၁၈။ ရွှေစည်ကြီးကျေးရွာအုပ်စု၊
		၁၉။ ဝါးကြီးအိုင်ကျေးရွာအုပ်စု၊
		၂၀။ ရုံးစည်ကြီးကျေးရွာအုပ်စု၊
		၂၁။ သံဘိုကျေးရွာအုပ်စု၊
		၂၂။ လက်ပတောကျေးရွာအုပ်စု၊
		၂၃။ ရွှေပြည်တော်ကျေးရွာအုပ်စု၊
		၂၄။ ရေခါးကျေးရွာအုပ်စု၊
		၂၅။ ပန်းပေါင်းကျေးရွာအုပ်စု၊
		၂၆။ ဆီမီးကန်ကျေးရွာအုပ်စု၊
		၂၇။ ရုံးတောကျေးရွာအုပ်စု၊
		၂၈။ ခါတက်ကုန်းကျေးရွာအုပ်စု၊
		၂၉။ မကြီးချိုကျေးရွာအုပ်စု၊
		၃၀။ လယ်ကွက်ကြီးကျေးရွာအုပ်စု၊
		၃၁။ အရာတော်ကျေးရွာအုပ်စု၊
		၃၂။ တလိုင်းရပ်(ရွာသစ်)ကျေးရွာ အုပ်စု၊
		၃၃။ သမက္ကူကျေးရွာအုပ်စု၊
		၃၄။ တံတားကျေးရွာအုပ်စု၊
		၃၅။ သပြေဝကျေးရွာအုပ်စု၊
		၃၆။ ရွှေပြည်သစ်ကျေးရွာအုပ်စု၊
		၃၇။ ဝဲလောင်ကျေးရွာအုပ်စု၊
		၃၈။ အေးကျေးရွာအုပ်စု၊
		၃၉။ အေးချမ်းသာကျေးရွာအုပ်စု၊
		၄၀။ ဇဂျမ်းကျေးရွာအုပ်စု၊
		၄၁။ ကန်မြဲကျေးရွာအုပ်စု၊
		၄၂။ မင်းရင်ကျေးရွာအုပ်စု၊
		၄၃။ ပဒပ်စာကုန်း(စလင်္ဂသူ) ကျေးရွာအုပ်စု၊
		၄၄။ ကန်သာယာကျေးရွာအုပ်စု၊
		၄၅။ မင်းတည်းကျေးရွာအုပ်စု၊
		၄၆။ နတ်စောင့်ကျေးရွာအုပ်စု၊
		၄၇။ ကျောက်ရင်းကျေးရွာအုပ်စု၊
		၄၈။ အင်းတဲကျေးရွာအုပ်စု၊
		၄၉။ ချောင်းပေါက်ကျေးရွာအုပ်စု၊
		၅၀။ တပင်ကန်ကျေးရွာအုပ်စု၊
		၅၁။ ကန်ကျေးရွာအုပ်စု၊
		၅၂။ ရသစ်ကျေးရွာအုပ်စု၊
		၅၃။ အောင်ဇမ္ဗူကျေးရွာအုပ်စု၊
		၅၄။ ငါးပင်စင်ကျေးရွာအုပ်စု၊
		၅၅။ ကုန်းပုထိုးကျေးရွာအုပ်စု၊
		၅၆။ ကျွဲဇင်းကျေးရွာအုပ်စု၊
		၅၇။ ဖက်တောကျေးရွာအုပ်စု၊
		၅၈။ နန်းတည်းကျေးရွာအုပ်စု၊
		၅၉။ သီးကုန်းကျေးရွာအုပ်စု၊
		၆၀။ သပွတ်စုကျေးရွာအုပ်စု၊
		၆၁။ ဆယ်ကုန်းကျေးရွာအုပ်စု၊
		၆၂။ ကိုင်းကျေးရွာအုပ်စု၊
		၆၃။ ကျောက္ကာရွာမကျေးရွာအုပ်စု၊
		၆၄။ တဲကြီးကုန်းကျေးရွာအုပ်စု၊
		၆၅။ လှည်းပွဲကုန်းကျေးရွာအုပ်စု၊
		၆၆။ ကြီးပင်တဲကျေးရွာအုပ်စု၊
		၆၇။ တောင်လုင်ကျေးရွာအုပ်စု၊
		၆၈။ သပွတ်ပင်တဲကျေးရွာအုပ်စု၊
		၆၉။ ကျွဲတလင်းကျေးရွာအုပ်စု၊
		၇၀။ ကန်တော်ကျေးရွာအုပ်စု၊
		၇၁။ တစ်မိုက်သာကျေးရွာအုပ်စု၊
		၇၂။ ကြာပို့ကျေးရွာအုပ်စု၊
		၇၃။ မာလာကျေးရွာအုပ်စု၊
		၇၄။ ကျောဇီကျေးရွာအုပ်စု၊
		၇၅။ မင်းကြိုကျေးရွာအုပ်စု၊
		၇၆။ ဆင်ဖြူကျေးရွာအုပ်စု၊
		၇၇။ သာယာအေးကျေးရွာအုပ်စု။
၄။	မြင်းခြံ မြို့နယ်	၁။ အမှတ်(၁)ရပ်ကွက်(ဆီမီးခုံမြို့)၊
		၂။ အမှတ်(၂)ရပ်ကွက်(ဆီမီးခုံမြို့)၊
		၃။ အမှတ်(၃)ရပ်ကွက်(ဆီမီးခုံမြို့)၊
		၄။ အမှတ်(၄)ရပ်ကွက်(ဆီမီးခုံမြို့)၊
		၅။ ပင်လယ်ကျေးရွာအုပ်စု၊
		၆။ ဖက်ပင်အိုင်ကျေးရွာအုပ်စု၊
		၇။ ငါနန်းကျေးရွာအုပ်စု၊
		၈။ ကုလကျေးရွာအုပ်စု၊
		၉။ ကန်နီကျေးရွာအုပ်စု၊
		၁၀။ ပေတောကျေးရွာအုပ်စု၊
		၁၁။ ညောင်ဝန်းကျေးရွာအုပ်စု၊
		၁၂။ နွားကူးအိုင်ကျေးရွာအုပ်စု၊
		၁၃။ ကန်ချောကျေးရွာအုပ်စု၊
		၁၄။ ပျော့(ရွှေဘုံသာ)ကျေးရွာအုပ်စု၊
		၁၅။ ကတောကျေးရွာအုပ်စု၊
		၁၆။ စားကြူးကျေးရွာအုပ်စု၊
		၁၇။ ကြည်ကျေးရွာအုပ်စု၊
		၁၈။ ကန်တော်ကျေးရွာအုပ်စု၊
		၁၉။ ဂင့်ဂဲကျေးရွာအုပ်စု၊
		၂၀။ ဆင်းဂွတ်ကျေးရွာအုပ်စု၊
		၂၁။ ကျားတိုင်းကျေးရွာအုပ်စု၊
		၂၂။ ရသာကျေးရွာအုပ်စု၊
		၂၃။ တပ်ကျေးရွာအုပ်စု၊
		၂၄။ ကုက္ကဲကျေးရွာအုပ်စု၊
		၂၅။ ရွာသာယာကျေးရွာအုပ်စု၊
		၂၆။ ဇီးပင်ကန်ကျေးရွာအုပ်စု၊

စာမျက်နှာ ၁၀ သို့

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၆ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများ စာရင်းထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း (၃) တွင် **ပဲခူးတိုင်းဒေသကြီး** အတွင်းရှိအောက်ဖော်ပြပါနယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည် မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ (စ) အရ ထုတ်ပြန် ကြေညာလိုက်သည် -

စဉ် မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု

၁။ ကျောက်ကြီး မြို့နယ်
၁။ မိချောင်းဂေါင်းကျေးရွာအုပ်စု၊
၂။ ကျောက်ပုံလယ်ကျေးရွာအုပ်စု၊
၃။ ကျောက်ပုံ(တောင်)ကျေးရွာအုပ်စု၊
၄။ အင်းနက်ကျေးရွာအုပ်စု၊
၅။ ဂမုန်းအိုင်ကျေးရွာအုပ်စု၊
၆။ ပတ္တလားကျေးရွာအုပ်စု၊
၇။ ဝက်လာတောကျေးရွာအုပ်စု၊
၈။ မမရမ်းကျေးရွာအုပ်စု၊
၉။ ကျွဲတလင်းကျေးရွာအုပ်စု၊
၁၀။ လယ်ဝိုင်းကြီးကျေးရွာအုပ်စု၊
၁၁။ ထိုးဝါးစိုက်ကျေးရွာအုပ်စု၊
၁၂။ ကျောက်စရစ်ကျေးရွာအုပ်စု၊
၁၃။ ဒေါင်းမို့ကျေးရွာအုပ်စု၊
၁၄။ ရေလဲကျေးရွာအုပ်စု၊
၁၅။ နတ်သံကွင်းကျေးရွာအုပ်စု၊
၁၆။ င/ထွေစုတ်ကျေးရွာအုပ်စု၊
၁၇။ ဝဲကြီးကျေးရွာအုပ်စု၊
၁၈။ ရွာကြီးအင်းကျေးရွာအုပ်စု၊
၁၉။ နောင်ကုန်းကျေးရွာအုပ်စု၊
၂၀။ သောင်လယ်ကျေးရွာအုပ်စု၊
၂၁။ တပ်ကုန်းကျေးရွာအုပ်စု၊
၂၂။ ညောင်ပင်သာကျေးရွာအုပ်စု၊
၂၃။ မွေတွင်းကျေးရွာအုပ်စု၊
၂၄။ တောပုကျေးရွာအုပ်စု၊
၂၅။ မီးတိုင်တောကျေးရွာအုပ်စု၊
၂၆။ မြောင်းရိုးကြီးကျေးရွာအုပ်စု၊
၂၇။ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊
၂၈။ မဲပုတ်ကျေးရွာအုပ်စု၊
၂၉။ နောင်ဘိုကျေးရွာအုပ်စု၊
၃၀။ ကြက်သောင်းတောင်ကျေးရွာအုပ်စု၊
၃၁။ ကွီးလာကျေးရွာအုပ်စု၊
၃၂။ ကပ်ပယ်လမ်းခွဲကျေးရွာအုပ်စု၊
၃၃။ ဇင့်ကာကျေးရွာအုပ်စု၊
၃၄။ ခဲဒိုးကျေးရွာအုပ်စု၊
၃၅။ ကျေးစီး(တောင်)ကျေးရွာအုပ်စု၊
၃၆။ ရေပူကျေးရွာအုပ်စု၊
၃၇။ ခူမိုင်းကျေးရွာအုပ်စု၊
၃၈။ ထီးရိုးဘောတထာကျေးရွာအုပ်စု၊
၃၉။ ဆိပ်ချောင်ကျေးရွာအုပ်စု၊
၄၀။ ပဒါးကျေးရွာအုပ်စု၊
၄၁။ မော်သိုကြီးကျေးရွာအုပ်စု၊
၄၂။ ဖေါင်ဆိပ်ကျေးရွာအုပ်စု၊
၄၃။ မရမ်းမြောင်ကျေးရွာအုပ်စု။

၂။ ကျောက်တံခါး မြို့နယ်
၁။ သမင်အင်းကုန်းကျေးရွာအုပ်စု၊
၂။ တောင်ခင်ကျေးရွာအုပ်စု၊
၃။ ကျောင်းစိုးကျေးရွာအုပ်စု၊
၄။ ကြိမ်ခါးကုန်းကျေးရွာအုပ်စု၊
၅။ ဖောဓိကွင်းကျေးရွာအုပ်စု၊
၆။ အနန်းဘော်ကျေးရွာအုပ်စု၊
၇။ ကညင်ကျိုးကျေးရွာအုပ်စု၊
၈။ လက်ခံကျေးရွာအုပ်စု၊
၉။ နံ့ဇကျေးရွာအုပ်စု၊
၁၀။ ဇရပ်ခင်ကျေးရွာအုပ်စု။

၃။ ဖြူးမြို့နယ်
၁။ ဂျေပူကျေးရွာအုပ်စု၊
၂။ လယ်ပြင်ကြီးကျေးရွာအုပ်စု၊
၃။ ပြောင်သေကျေးရွာအုပ်စု၊
၄။ ပတ္တာကျေးရွာအုပ်စု၊
၅။ အုတ်ဖြတ်ကျေးရွာအုပ်စု၊
၆။ ငါးခေါင်းအင်းကျေးရွာအုပ်စု၊
၇။ ဇီးခုန်ကျေးရွာအုပ်စု၊
၈။ ကျားသောင်ကျေးရွာအုပ်စု၊
၉။ ကြူအင်းကျေးရွာအုပ်စု၊
၁၀။ ကြာအင်းကျေးရွာအုပ်စု၊
၁၁။ သစ်ချောက်ခင်ကျေးရွာအုပ်စု၊
၁၂။ အမဲခေါင်ကျေးရွာအုပ်စု၊
၁၃။ လှသင်းမောင်ကျေးရွာအုပ်စု၊
၁၄။ လိပ်ပေါကျေးရွာအုပ်စု၊
၁၅။ ကျော်လှကျေးရွာအုပ်စု၊
၁၆။ အကြပ်အင်းကျေးရွာအုပ်စု၊
၁၇။ ဘန်းလောင်ကျေးရွာအုပ်စု၊
၁၈။ သာယာကုန်းကျေးရွာအုပ်စု၊
၁၉။ ရွာတန်းရှည်ကျေးရွာအုပ်စု၊
၂၀။ ချောင်းကောက်ကျေးရွာအုပ်စု၊
၂၁။ ဇဟားကျေးရွာအုပ်စု၊
၂၂။ စိုက်တန်းခင်ကျေးရွာအုပ်စု၊
၂၃။ သစ်ပါတ်ကျေးရွာအုပ်စု၊
၂၄။ ကျိုးရိုးကျေးရွာအုပ်စု၊
၂၅။ ပေါင်ဇလုပ်ကျေးရွာအုပ်စု၊
၂၆။ အင်ပင်သာကျေးရွာအုပ်စု၊
၂၇။ ကညင်ဒိုင်းကျေးရွာအုပ်စု၊
၂၈။ သမင်ကွင်းကျေးရွာအုပ်စု၊
၂၉။ ဘုရားလဟာကျေးရွာအုပ်စု၊
၃၀။ သပြေလဟာကျေးရွာအုပ်စု၊
၃၁။ ငါးမြစ်ချင်းကျေးရွာအုပ်စု၊
၃၂။ ခင်ကြီးကျေးရွာအုပ်စု၊
၃၃။ သရက်ကုန်းကျေးရွာအုပ်စု၊
၃၄။ ခွေးပြာကျေးရွာအုပ်စု၊
၃၅။ ကျွန်းကုန်းကျေးရွာအုပ်စု၊
၃၆။ ဆိုးပုံကွင်းကျေးရွာအုပ်စု၊
၃၇။ ကင်မွန်းခြံကျေးရွာအုပ်စု၊
၃၈။ တေိုးခင်ကျေးရွာအုပ်စု၊
၃၉။ လှေဒုံးကျေးရွာအုပ်စု၊
၄၀။ လက်တက်ကြီးကျေးရွာအုပ်စု၊
၄၁။ ဇလုပ်ကျေးရွာအုပ်စု၊
၄၂။ မိဿလင်ကျေးရွာအုပ်စု၊
၄၃။ မြပဂိုးကျေးရွာအုပ်စု။

၄။ အုတ်တွင်း မြို့နယ်
၁။ အမှတ် (၅) ရပ်ကွက်(ကျွဲပွဲမြို့)၊
၂။ ဇီးဖြူသောင်ကျေးရွာအုပ်စု၊
၃။ မျက်နီကွင်းကျေးရွာအုပ်စု၊
၄။ ကံကလေးကျေးရွာအုပ်စု၊
၅။ ညောင်လွင့်ကျေးရွာအုပ်စု၊
၆။ ညောင်ကုန်းကျေးရွာအုပ်စု၊
၇။ ရေအိုးစဉ်ကျေးရွာအုပ်စု။

၅။ သဲကုန်း မြို့နယ်
၁။ ဖြမ္မာ့အင်းကျေးရွာအုပ်စု၊
၂။ ဒါးသွေးကျောက်ကျေးရွာအုပ်စု၊
၃။ ရုံးပင်တက်ကျေးရွာအုပ်စု၊
၄။ သစ်နီတောကျေးရွာအုပ်စု၊
၅။ မိုးတိမ်ပြင်ကျေးရွာအုပ်စု၊

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၉ မှ

၂၇။ တောပုကျေးရွာအုပ်စု၊
၂၈။ ကိုင်းကျေးရွာအုပ်စု၊
၂၉။ ရန္တပိုကျေးရွာအုပ်စု၊
၃၀။ ညောင်တိုကျေးရွာအုပ်စု၊
၃၁။ ဆင်ချောင်းကျေးရွာအုပ်စု၊
၃၂။ တလုပ်မြို့ကျေးရွာအုပ်စု၊
၃၃။ ရဲတိုင်ကျေးရွာအုပ်စု၊
၃၄။ အိုင့်မကျေးရွာအုပ်စု၊
၃၅။ တူရွင်းဘို့ကျေးရွာအုပ်စု၊
၃၆။ သစ်ရုံကျေးရွာအုပ်စု၊
၃၇။ ထိန်ပန်းကျေးရွာအုပ်စု၊
၃၈။ ယုန်ထိုးကျေးရွာအုပ်စု၊
၃၉။ ပြားကျေးရွာအုပ်စု၊
၄၀။ မီးပေါက်ကျေးရွာအုပ်စု၊
၄၁။ ကန်စွယ်ကျေးရွာအုပ်စု၊
၄၂။ ပျိုးကန်ကျေးရွာအုပ်စု၊
၄၃။ ကျိုးပင်ကန်ကျေးရွာအုပ်စု၊
၄၄။ သင်ပြွန်းကျေးရွာအုပ်စု၊
၄၅။ နတ်ထားကျေးရွာအုပ်စု၊
၄၆။ ပျော်ဘွယ်ကျေးရွာအုပ်စု၊
၄၇။ ဗလုံကျေးရွာအုပ်စု၊
၄၈။ ကန်ဆင့်(တောင်)ကျေးရွာအုပ်စု၊
၄၉။ ကွမ်းစိုက်ကျေးရွာအုပ်စု၊
၅၀။ ချေဆေးကျေးရွာအုပ်စု၊
၅၁။ ကူကျေးရွာအုပ်စု၊
၅၂။ ကွမ်းသီးပင်(လေးအိမ်တန်း) ကျေးရွာအုပ်စု၊
၅၃။ လင့်ကြီးကျေးရွာအုပ်စု၊
၅၄။ ကိုင်းတောင်ကျေးရွာအုပ်စု၊
၅၅။ ဒေါင့်သစ်ကျေးရွာအုပ်စု၊
၅၆။ ဇီးတောကျေးရွာအုပ်စု၊
၅၇။ ထနောင်းတိုင်ကျေးရွာအုပ်စု၊
၅၈။ ထနောင်းကုန်းကျေးရွာအုပ်စု၊
၅၉။ ဂျုပ်ပင်ကျေးရွာအုပ်စု၊
၆၀။ ငွေးပင်ရိုးကျေးရွာအုပ်စု။

၅။ သပိတ်ကျင်း မြို့နယ်
၁။ ဆိပ်ကမ်းရပ်ကွက် (သပိတ်ကျင်းမြို့)၊
၂။ ကဘဲ့ရပ်ကွက်(သပိတ်ကျင်းမြို့)၊
၃။ အမှတ်(၁)ရပ်ကွက် (တကောင်းမြို့)၊
၄။ အမှတ်(၂)ရပ်ကွက် (တကောင်းမြို့)၊
၅။ အမှတ်(၃)ရပ်ကွက် (တကောင်းမြို့)၊
၆။ ငွေးပင်မှော်ကျေးရွာအုပ်စု၊
၇။ ဝါးဖြူတောင်ကျေးရွာအုပ်စု၊
၈။ အုံးဖုံးကျေးရွာအုပ်စု၊
၉။ ကျောက်လှည်းဘီးကျေးရွာအုပ်စု၊
၁၀။ တွင်းငယ်ကျေးရွာအုပ်စု၊
၁၁။ ကျောက်ဖြူကျေးရွာအုပ်စု၊
၁၂။ ရေညာဦးကျေးရွာအုပ်စု၊
၁၃။ ကြာညှပ်ကျေးရွာအုပ်စု၊
၁၄။ ပေါက်တပင်ကျေးရွာအုပ်စု၊
၁၅။ ဝါးရုံကုန်းကျေးရွာအုပ်စု၊
၁၆။ ဆယ်ဇင်းကုန်းကျေးရွာအုပ်စု၊
၁၇။ လက်ပံကုန်းကျေးရွာအုပ်စု၊
၁၈။ မကျီးကုန်းကျေးရွာအုပ်စု၊
၁၉။ အင်းနက်ကျေးရွာအုပ်စု၊
၂၀။ ကျောက်အိုက်ကျေးရွာအုပ်စု၊
၂၁။ မိုင်းဒိုင်းကျေးရွာအုပ်စု၊
၂၂။ ချောင်းကြီးကျေးရွာအုပ်စု၊
၂၃။ ဖုန်ကုန်းကျေးရွာအုပ်စု။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၈ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့်
နယ်မြေများစာရင်းထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း (၃) တွင် **ရှမ်းပြည်နယ်**အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည် မဟုတ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ (စ) အရ ထုတ်ပြန်ကြေညာလိုက်သည် -

စဉ် မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု

၁။ မက်မန်း မြို့နယ်
၁။ ပန်ယန်းကျေးရွာအုပ်စု၊
၂။ နေ့ဝါကျေးရွာအုပ်စု၊
၃။ ရောင်အန်ကျေးရွာအုပ်စု၊
၄။ မုတ်ပြင်းကျေးရွာအုပ်စု၊
၅။ နားလုံ့ကျေးရွာအုပ်စု၊
၆။ ကွန်ဟောင်းကျေးရွာအုပ်စု၊
၇။ နေ့လကျေးရွာအုပ်စု၊
၈။ အော်ခေဆိုင်ကျေးရွာအုပ်စု၊
၉။ လုံနောက်ကျေးရွာအုပ်စု၊
၁၀။ ယောင်ပန်ကျေးရွာအုပ်စု၊
၁၁။ ရောင်လန်ကျေးရွာအုပ်စု၊
၁၂။ မွတ်ချူးကျေးရွာအုပ်စု၊
၁၃။ ဝမ်ဖင်းကျေးရွာအုပ်စု၊
၁၄။ လိုင်လင်းကျေးရွာအုပ်စု၊
၁၅။ ဝက်ဖကျေးရွာအုပ်စု၊
၁၆။ မွတ်ဟိုင်းကျေးရွာအုပ်စု၊
၁၇။ နောင်ပတ်ကျေးရွာအုပ်စု။

၂။ ဖယ်ခုံ မြို့နယ်
၁။ ခေါင်းအီကျေးရွာအုပ်စု၊
၂။ လွယ်ပေါကျေးရွာအုပ်စု၊
၃။ နားဟီးကျေးရွာအုပ်စု၊
၄။ ကုရင်ကျေးရွာအုပ်စု၊
၅။ ရီနွဲကျေးရွာအုပ်စု၊
၆။ ရီလုံရီကန်ကျေးရွာအုပ်စု၊
၇။ သိကျိတ်ကျေးရွာအုပ်စု၊
၈။ အလယ်ပဒေါင်ကျေးရွာအုပ်စု၊
၉။ ဗျဲ့တိုက်ကျေးရွာအုပ်စု၊
၁၀။ ဖယ်ခုံကျေးရွာအုပ်စု။

၃။ ကျောက်မဲ မြို့နယ်
၁။ မိုင်းငေ့ါဈေးရပ်ကွက်(မိုင်းငေ့ါမြို့)၊
၂။ မန်လုံရပ်ကွက်(မိုင်းငေ့ါမြို့)၊
၃။ တာလုံရပ်ကွက်(မိုင်းငေ့ါမြို့)၊
၄။ ပန်ဖတ်ဖာရပ်ကွက်(မိုင်းငေ့ါမြို့)၊
၅။ မန်ကောင်းရပ်ကွက်(မိုင်းငေ့ါမြို့)၊
၆။ အထက်ပိုင်းရပ်ကွက်(မိုင်းလုံမြို့)၊
၇။ အလယ်ပိုင်းရပ်ကွက်(မိုင်းလုံမြို့)၊
၈။ အောက်ပိုင်းရပ်ကွက်(မိုင်းလုံမြို့)၊
၉။ ခန္တီရပ်ကွက်(မိုင်းလုံမြို့)၊
၁၀။ ဈေးရပ်ကွက်(မိုင်းလုံမြို့)၊
၁၁။ နမ့်ပိန်ရပ်ကွက်(မိုင်းလုံမြို့)၊
၁၂။ နမ့်ဟူးတောင်းကျေးရွာအုပ်စု၊
၁၃။ ပန်လော့ကျေးရွာအုပ်စု၊
၁၄။ နားပြိန်းကျေးရွာအုပ်စု၊
၁၅။ နားခေါ်ကျေးရွာအုပ်စု၊
၁၆။ ကြူရှောကျေးရွာအုပ်စု၊
၁၇။ တံခွန်တိုင်ကျေးရွာအုပ်စု၊
၁၈။ မိုင်းတင်းကျေးရွာအုပ်စု၊
၁၉။ လွယ်အံကျေးရွာအုပ်စု၊
၂၀။ တောင်ဆေးလိပ်ကျေးရွာအုပ်စု၊
၂၁။ နားအိုက်ခန့်ကျေးရွာအုပ်စု၊
၂၂။ စခန်းသာကျေးရွာအုပ်စု၊
၂၃။ နောင်ပိန်ကျေးရွာအုပ်စု၊
၂၄။ ပင်တိန်ကျေးရွာအုပ်စု၊
၂၅။ ပင်ပေါကျေးရွာအုပ်စု၊
၂၆။ ခေးနင်းကျေးရွာအုပ်စု၊
၂၇။ မော်မာကျေးရွာအုပ်စု၊
၂၈။ ပန်ဝံကျေးရွာအုပ်စု၊
၂၉။ ပြိန်းစင့်ကျေးရွာအုပ်စု၊
၃၀။ ပန်ကွမ်ကျေးရွာအုပ်စု၊
၃၁။ ဟူးကွက်ကျေးရွာအုပ်စု၊
၃၂။ လွယ်ကုန်ကျေးရွာအုပ်စု၊
၃၃။ နောင်ပြစ်ကျေးရွာအုပ်စု၊
၃၄။ ဟူးဆွန်ကျေးရွာအုပ်စု၊
၃၅။ ပန်လင်ကျေးရွာအုပ်စု၊
၃၆။ ချောင်းချောက်ကျေးရွာအုပ်စု၊
၃၇။ ကွန်ကော်ကျေးရွာအုပ်စု၊
၃၈။ ပုံဝိုးကျေးရွာအုပ်စု၊
၃၉။ ကွမ်ဟင်ကျေးရွာအုပ်စု၊
၄၀။ နောင်ကွမ်ကျေးရွာအုပ်စု၊
၄၁။ ပန်စံကျေးရွာအုပ်စု၊
၄၂။ နောင်ရှင်ကျေးရွာအုပ်စု၊
၄၃။ နားအော်ကျေးရွာအုပ်စု၊
၄၄။ တောင်ထိပ်ကျေးရွာအုပ်စု၊
၄၅။ ခန့်ခဲပေ့ါအင်းကျေးရွာအုပ်စု၊
၄၆။ ဟဲကွီကျေးရွာအုပ်စု၊
၄၇။ လွယ်စောင့်ကျေးရွာအုပ်စု၊
၄၈။ လွယ်ကြူကျေးရွာအုပ်စု၊
၄၉။ ကွန်ကောက်ကျေးရွာအုပ်စု၊
၅၀။ မန်ခေါက်ကျေးရွာအုပ်စု၊
၅၁။ ဟဲခမ်းကျေးရွာအုပ်စု၊
၅၂။ ပုံးလုံကျေးရွာအုပ်စု၊
၅၃။ ချုံးကျေးရွာအုပ်စု၊
၅၄။ ကွမ်းစလန်းကျေးရွာအုပ်စု၊
၅၅။ ခွန်ခါကျေးရွာအုပ်စု၊
၅၆။ ပန်ကွဲကျေးရွာအုပ်စု၊
၅၇။ ကျောက်လုံးကြီးကျေးရွာအုပ်စု၊
၅၈။ မုန်းပြင်ကျေးရွာအုပ်စု၊
၅၉။ မြို့ဟောင်းကျေးရွာအုပ်စု၊
၆၀။ တောင်နီကျေးရွာအုပ်စု၊
၆၁။ မန်စင်(ခ)ပဇီကျေးရွာအုပ်စု၊
၆၂။ ပန်ဝိုးကျေးရွာအုပ်စု၊
၆၃။ မင်းကုန်းကျေးရွာအုပ်စု၊
၆၄။ ပါလှိုင်ကျေးရွာအုပ်စု၊
၆၅။ နမ့်ခွန်ကျေးရွာအုပ်စု၊
၆၆။ လွယ်ဆာကျေးရွာအုပ်စု၊
၆၇။ နမ့်ဖန်းကျေးရွာအုပ်စု၊
၆၈။ လွယ်အံကျေးရွာအုပ်စု၊
၆၉။ ကန့်ကန်ကျေးရွာအုပ်စု၊
၇၀။ စန့်ဟိန်းကျေးရွာအုပ်စု၊
၇၁။ လွယ်ခမ်းကျေးရွာအုပ်စု၊
၇၂။ မန်မော်ကျေးရွာအုပ်စု၊
၇၃။ ကော်ပေါင်ကျေးရွာအုပ်စု၊
၇၄။ တော့ဆန်ကျေးရွာအုပ်စု၊
၇၅။ ညောင်မောင်းကျေးရွာအုပ်စု၊
၇၆။ ပန်ဟူကျေးရွာအုပ်စု။

၄။ သီပေါ မြို့နယ်
၁။ ဆွန်လုံကျေးရွာအုပ်စု၊
၂။ မိုင်းလင်းကျေးရွာအုပ်စု၊
၃။ ကုန်းသာကျေးရွာအုပ်စု၊
၄။ ပန်မိတ်ကျေးရွာအုပ်စု၊
၅။ ကွန်ခိုက်ကျေးရွာအုပ်စု၊
၆။ ဆောင်ကြဲကျေးရွာအုပ်စု၊
၇။ တွန်ကြိုင်းကျေးရွာအုပ်စု၊
၈။ နောင်တုံကျေးရွာအုပ်စု၊
၉။ ဆိုင်းလိုင်ကျေးရွာအုပ်စု၊
၁၀။ မန်ပြစ်ကျေးရွာအုပ်စု၊
၁၁။ ပန်ခံကျေးရွာအုပ်စု၊
၁၂။ မန်ဆန်းကျေးရွာအုပ်စု၊
၁၃။ ဆင်ကျော့ကျေးရွာအုပ်စု၊
၁၄။ နားတောင့်ကျေးရွာအုပ်စု၊
၁၅။ မခေါ်ကျေးရွာအုပ်စု၊
၁၆။ ပန်ဆန်းကျေးရွာအုပ်စု၊

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၀ မှ

၆။ ညောင်ဝင်းကျေးရွာအုပ်စု၊
၇။ ကန့်လန့်ကုန်းကျေးရွာအုပ်စု၊
၈။ သပြေလှကျေးရွာအုပ်စု၊
၉။ ဇီးအုပ်ကျေးရွာအုပ်စု၊
၁၀။ ဝွေးကုန်းကျေးရွာအုပ်စု။

၆။ ဝေါမြို့နယ်
၁။ စက်စုကျေးရွာအုပ်စု။

၇။ ကြို့ပင်ကောက် မြို့နယ်
၁။ မယင်းချောင်းဝကျေးရွာအုပ်စု၊
၂။ ကျွဲသေကျေးရွာအုပ်စု၊
၃။ ကျခတ္တန်းကျေးရွာအုပ်စု၊
၄။ ကြို့ပင်စခမ်းကျေးရွာအုပ်စု၊
၅။ သက်ရင်းကုန်းကျေးရွာအုပ်စု၊
၆။ ကျွန်းကုန်းကျေးရွာအုပ်စု၊
၇။ ကံကြီးကျေးရွာအုပ်စု၊
၈။ ကိုင်းယားရှည်ကျေးရွာအုပ်စု၊
၉။ လှေတုံးကျေးရွာအုပ်စု၊
၁၀။ အုတ်တွင်းကုန်းကျေးရွာအုပ်စု၊
၁၁။ သပြေရုံကျေးရွာအုပ်စု၊
၁၂။ ငှက်ကြီးသိုက်ကျေးရွာအုပ်စု၊
၁၃။ ကျွန်းနက်ကုန်းကျေးရွာအုပ်စု၊
၁၄။ မှန်ပင်ထူးကျေးရွာအုပ်စု၊
၁၅။ မြို့တွင်းကျေးရွာအုပ်စု၊
၁၆။ မြို့ကိုင်းကျေးရွာအုပ်စု၊
၁၇။ ရုံးချောင်းကျေးရွာအုပ်စု၊
၁၈။ ဥယျာဉ်ကြီးကျေးရွာအုပ်စု၊
၁၉။ ကံဦးကျေးရွာအုပ်စု၊
၂၀။ ကုန်းရွာကျေးရွာအုပ်စု။

၈။ အုတ်ဖို မြို့နယ်
၁။ တယ်ပင်ကျောကျေးရွာအုပ်စု၊
၂။ ဘုတလက်တန်းကျေးရွာအုပ်စု၊
၃။ တင်ဆိပ်ကျေးရွာအုပ်စု၊
၄။ ဒေါင်းစပါးကျေးရွာအုပ်စု၊
၅။ လက်ပတောကျေးရွာအုပ်စု၊
၆။ ဝိုင်းကျေးရွာအုပ်စု၊
၇။ ဖလန်ပင်ကျေးရွာအုပ်စု၊
၈။ အောက်ကိုင်းကျေးရွာအုပ်စု၊
၉။ ကြို့ကိုးပင်ကျေးရွာအုပ်စု၊
၁၀။ ကိုင်းကြီးကျေးရွာအုပ်စု၊
၁၁။ သဖန်းပင်ဆိပ်ကျေးရွာအုပ်စု၊
၁၂။ မြောင်ကျေးရွာအုပ်စု၊
၁၃။ နှောကုန်းကျေးရွာအုပ်စု၊
၁၄။ အလယ်ကုန်းကျေးရွာအုပ်စု၊
၁၅။ ထန်းပင်ကုန်းကျေးရွာအုပ်စု၊
၁၆။ ဝင်းသရက်ကျေးရွာအုပ်စု၊
၁၇။ ကန်သာယာကျေးရွာအုပ်စု၊
၁၈။ သရက်နှစ်ဖျားလိန်ကျေးရွာအုပ်စု၊
၁၉။ ရှမ်းကုန်းကျေးရွာအုပ်စု၊
၂၀။ သဲကောကျေးရွာအုပ်စု၊
၂၁။ ချောင်းဂေါင်းကျေးရွာအုပ်စု၊
၂၂။ လိပ်ဥကုန်းကျေးရွာအုပ်စု။
၂၃။ ချောင်းဝ(ဂျီ)ကျေးရွာအုပ်စု။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၁၇၉ / ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၃)တွင် **ဧရာဝတီတိုင်းဒေသကြီး**အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ရေကြည် မြို့နယ်	၁။ ကက္ကူကြီးကျေးရွာအုပ်စု၊
		၂။ သက္ကယ်ပြင်ကျေးရွာအုပ်စု၊
		၃။ ရွာသစ်ကြီးကျေးရွာအုပ်စု၊
		၄။ ပန်းပုကွင်းကျေးရွာအုပ်စု။
၂။	လေးမျက်နှာ မြို့နယ်	၁။ ဒေါင့်ကြီးကျေးရွာအုပ်စု၊
		၂။ မယ်ဇလီကျေးရွာအုပ်စု၊
		၃။ ယင်းဆယ်ကျေးရွာအုပ်စု၊
		၄။ ခြောက်ဆယ်ကျေးရွာအုပ်စု၊
		၅။ သောင်ဘုတ်ကျေးရွာအုပ်စု၊
		၆။ ကြီးပေါက်ကုန်းကျေးရွာအုပ်စု၊
		၇။ ပန်းတောကြီးကျေးရွာအုပ်စု၊
		၈။ ကွမ်းခြံကုန်းကျေးရွာအုပ်စု၊
		၉။ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊
		၁၀။ ဝါးတောကွင်းကျေးရွာအုပ်စု၊
		၁၁။ ချင်းကုန်းကျေးရွာအုပ်စု၊
		၁၂။ သဲနုကုန်းကျေးရွာအုပ်စု၊
		၁၃။ မိုးကုတ်ကျေးရွာအုပ်စု၊
		၁၄။ လှည်းထောက်ကွင်းကျေးရွာအုပ်စု၊
		၁၅။ လှော်ကထားကျေးရွာအုပ်စု၊
		၁၆။ ကွင်းကြီးကျေးရွာအုပ်စု၊
		၁၇။ ဝတ်ကုန်းကျေးရွာအုပ်စု၊
		၁၈။ ကညင်တိုင်းကျေးရွာအုပ်စု၊
		၁၉။ ချင်းလယ်ကျေးရွာအုပ်စု။

(ပုံ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၁၁ မှ

၁၇။ နမ္မကျေးရွာအုပ်စု၊
၁၈။ ဟူးမြီကျေးရွာအုပ်စု၊
၁၉။ ကွန်ဟောက်ကျေးရွာအုပ်စု၊
၂၀။ မန်ခိုင်းဆီထောက်ကျေးရွာအုပ်စု၊
၂၁။ မန့်မွန်းမန်ကျောင်းကျေးရွာအုပ်စု၊
၂၂။ ကုန်းစုံကျေးရွာအုပ်စု၊
၂၃။ ဟိုခဲကျေးရွာအုပ်စု၊
၂၄။ ကောင်းခံကျေးရွာအုပ်စု၊
၂၅။ မန်ကျောင်း (၄၂) ကျေးရွာအုပ်စု၊
၂၆။ နားလေ(လီ)ကျေးရွာအုပ်စု၊
၂၇။ ကုံးယုံးကျေးရွာအုပ်စု၊
၂၈။ နားမခေါ်ကျေးရွာအုပ်စု၊
၂၉။ စယ်ခန်ကျေးရွာအုပ်စု၊
၃၀။ ကုန်းဆော့ကျေးရွာအုပ်စု၊
၃၁။ နမ့်ရမ်းကျေးရွာအုပ်စု၊
၃၂။ မိုင်းခေးကျေးရွာအုပ်စု၊
၃၃။ မန့်မွန်း(ခေး)ကျေးရွာအုပ်စု၊
၃၄။ နားလေကျေးရွာအုပ်စု၊
၃၅။ ဟိုခိုကျေးရွာအုပ်စု၊
၃၆။ မန်ပန်းကျေးရွာအုပ်စု၊
၃၇။ ပြိန်းညောင်ကျေးရွာအုပ်စု၊
၃၈။ ဟိုအွန်ကျေးရွာအုပ်စု၊
၃၉။ မိုင်းတုံကျေးရွာအုပ်စု၊
၄၀။ ကွန်ခါးကျေးရွာအုပ်စု၊
၄၁။ ဆွတ်တုံကျေးရွာအုပ်စု၊
၄၂။ ကောင်းကျော်ကျေးရွာအုပ်စု၊
၄၃။ ပန်ဟုန်းကျေးရွာအုပ်စု၊
၄၄။ မန်ပတ်ကျေးရွာအုပ်စု၊
၄၅။ မန်ကျောင်း (၆၂) ကျေးရွာအုပ်စု၊
၄၆။ မန်မော်ကျေးရွာအုပ်စု၊
၄၇။ မိုင်းလာကျေးရွာအုပ်စု၊
၄၈။ ကောင်းခံကျေးရွာအုပ်စု၊
၄၉။ လုံတောင်းကျေးရွာအုပ်စု၊
၅၀။ နားဖွယ်ကျေးရွာအုပ်စု။

(ပုံ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဝါးခယ်မမြို့နယ်အတွင်းသို့ ယာယီရွှေ့ပြောင်းနေထိုင်သူ ပြည်သူများအား သုံးလစာ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းသို့ ယာယီရွှေ့ပြောင်းနေထိုင်သူ ပြည်သူများအား ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ (၃) လစာ ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဝါးခယ်မမြို့နယ် ရွှေခယ်သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မြောင်းမြရိုင်နှင့် ဝါးခယ်မမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်အချို့မှ အကြောင်းအမျိုးမျိုးကြောင့် ဝါးခယ်မမြို့နယ်အတွင်းသို့ ယာယီရွှေ့ပြောင်းနေထိုင်ကြသည့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ ဒေသအချို့၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များနှင့် သဘာဝဘေးအန္တရာယ်များ အပါအဝင် အကြောင်းအမျိုးမျိုးဖြင့် ယာယီရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့နေထိုင် လုပ်ကိုင်နိုင်မှု အဆင်ပြေမည့်ဒေသများသို့ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ ရွှေ့ပြောင်းနေထိုင်ရာတွင် ဝါးခယ်မမြို့နယ်အတွင်းသို့ ယာယီရွှေ့ပြောင်း နေထိုင်သူများရှိရာ ၎င်းတို့အား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် လစဉ် ထောက်ပံ့ပေးအပ်လျက်ရှိပါကြောင်း၊ ယခုလည်း ဧရာဝတီတိုင်းဒေသကြီးမှ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ (၃) လစာအတွက် ထပ်မံ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယာယီရွှေ့ပြောင်းနေထိုင်သူ ပြည်သူများ ပျောက်ဆုံး/ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အချင်းချင်း အပြန်အလှန်ချိတ်ဆက်ပြီး ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ထုတ်ပေးလျက် ရှိပါကြောင်း။

နိုင်ငံတော် အစိုးရကလည်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေးနှင့် ယာယီရွှေ့ပြောင်းနေထိုင်ကြသည့် ပြည်သူများကို ၎င်းတို့ဒေသများ၌ ပြန်လည်အခြေချ နေထိုင်နိုင်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ယာယီရွှေ့ပြောင်းနေထိုင်ကြသူများအတွက် လစဉ်ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်နေသကဲ့သို့ သက်ဆိုင်ရာဒေသအာဏာပိုင်များကလည်း လူမှုရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် အဘက်ဘက်က ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါကြောင်း၊ ယာယီရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် မကြာမီကာလတွင် ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်လည်အခြေချနေထိုင်နိုင်တော့မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ယာယီရွှေ့ပြောင်းနေထိုင်သူများအတွက် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ (၃) လစာ ထောက်ပံ့ငွေများကို ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးသည် ယာယီရွှေ့ပြောင်းနေထိုင်သူများအတွက် အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးအပ်၍ ယာယီရွှေ့ပြောင်းနေထိုင်သူများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခု အခမ်းအနားတွင် ဝါးခယ်မမြို့နယ် အတွင်းသို့ တိုင်းဒေသကြီး/ပြည်နယ် အချို့မှ ယာယီရွှေ့ပြောင်းနေထိုင်သူ စုစုပေါင်း ၁၈၆ ဦး၊ အိမ်ထောင်စုအနေဖြင့် ၆၂ စုရှိပြီး ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ (၃) လစာအတွက် စုစုပေါင်း ငွေကျပ် ၁၀၈၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့သို့ သွားရောက်၍ ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)၌ ပါဝင်သည့် မြောင်းမြမြို့နယ်၏ အမှတ်(၄) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မဲရုံသို့လည်းကောင်း၊ အမှတ်(၈)ရပ်ကွက်ရှိ နောင်ရိုးခန်းမ မဲရုံသို့ လည်းကောင်း၊ အမှတ်(၅) ရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း မဲရုံသို့လည်းကောင်း လှည့်လည်ကြည့်ရှု၍ မဲရုံများ၌ တာဝန် ထမ်းဆောင်နေသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများကို မဲရုံများဖွင့်လှစ်ထားရှိမှု၊ မဲပေးစက်များ ရောက်ရှိ တပ်ဆင်ထားရှိမှုနှင့် မဲရုံနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၈၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၅ ခုနှစ်ဒီဇင်ဘာလူထုအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း အင်အား ၃၈၀၀ ကျော် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ် (A) ရှေ့အထိ ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက်

ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲကြောင်း သိရသည်။

သတင်းစဉ်

တောင်ကြီးမြို့၌ ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျောင်းသား ကျောင်းသူများအပါအဝင် စုစုပေါင်းအင်အား ၁၉၅၀၀ ခန့် တပျော်တပါး ပါဝင်လမ်းလျှောက်

တောင်ကြီး ဒီဇင်ဘာ ၂၇

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ယနေ့နံနက် ၅ နာရီတွင် တောင်ကြီးမြို့ ကမ္ဘောဇဘဏ်ရှေ့တွင် စုရပ်အဖြစ် ကျင်းပသည်။

ဦးစွာ လမ်းလျှောက်ပွဲကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က သေနတ်ပစ်ဖောက် တာလွှတ်ပေး၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ရှမ်းပြည်နယ် လွှတ်တော်ရုံးရှေ့မှ ရုံးကြီးလမ်းဟောင်းအတိုင်း ပြည်နယ် အားကစားကွင်းသို့ ဝင်ရောက်ကြပြီး သွေးပူလေ့ကျင့်ခန်းအတွဲ(၁)၊ အတွဲ(၂) တို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အားကစားနှင့်ကာယပညာ(သိပ္ပံ)မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၉၅၀၀ ခန့် တပျော်တပါး ပါဝင်လမ်းလျှောက်ကြပြီး လမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများအား ကံစမ်းမဲလက်မှတ်များ ဖောက်ပေး၍ ကံစမ်းမဲပေါက်သူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် တောင်ကြီးမြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ မူကြိုကလေးများ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ရောင်စုံအသီးများသီပြိုင်ပွဲ၊ ဝါး၊ စိမ်း၊ နီ နို့ဆီခွက်ဆင့်ပြိုင်ပွဲ၊ အင်္ကျီဝတ်ပြိုင်ပွဲ၊ တုံးကျော်ပြိုင်ပွဲ၊ ခမောက်ဆောင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကလေးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ဆုများချီးမြှင့်ပေးကြသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံးပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ "တို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲ လှုံ့ဆော်လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်

ဆိပ်ကြီးခနောင်တို ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မြို့နယ်ပြင်ပရောက်ပြည်တွင်းမှ ပေးပို့လာသော ကြိုတင်မဲများ ဖွင့်ဖောက်ခြင်းကို ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ပါတီကိုယ်စားလှယ်များရှေ့တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ရေတွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကြိုတင်မဲများ ဖွင့်ဖောက်ရာသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝေယံ (ပြန်/ဆက်)

ကန့်ဘလူမြို့ ရွှေတောင်ဦးသီလရှင်ကျောင်းတိုက်သို့ ဆန်၊ ဆီနှင့် ဝတ္ထုငွေများ လှူဒါန်း

ကန့်ဘလူ ဒီဇင်ဘာ ၂၇

ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် ညောင်အိုင်ရပ်ရှိ ရွှေတောင်ဦးသီလရှင်ကျောင်းတိုက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီ စိုး၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက ယမန်နေ့က ဆန်၊ ဆီနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် သီလရှင်ကျောင်းတိုက်ရှိ သီလရှင်အပါး ၂၀ အား ဝတ္ထုငွေကျပ် ၃၀၀၀၀၀၊ ဆန် ငါးအိတ်၊ ဆီ တစ်ပုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၀၅၀၀၀ ဆက်ကပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း
(ကန့်ဘလူ)

မင်းလှမြို့၌ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းကြိုတင်ဆန္ဒမဲများ ဖွင့်ဖောက်ရေတွက်

အထက်မင်းလှ ဒီဇင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း မဲဆန္ဒနယ်ပြင်ပရောက်ပြည်တွင်း ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို ယမန်နေ့ ညနေ ၄ နာရီက မင်းလှမြို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ဖွင့်ဖောက်ရေတွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပါတီကိုယ်စားလှယ်များ ရှေ့မှောက်တွင် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဖွင့်ဖောက်ရေတွက်သည်။

မင်းလှမြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

မကွေးမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

မကွေး ဒီဇင်ဘာ ၂၇

ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီတွင် မကွေးမြို့ တိုင်းအားကစားကွင်းရှေ့၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် တိုင်းအားကစားကွင်းမှ ပြည်တော်သာလမ်း၊ ထိုမှတစ်ဆင့် မြို့ပတ်လမ်းတစ်လျှောက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းလမ်းမှ အဝေရာလမ်းအတိုင်း စုပေါင်းလမ်းလျှောက်၍ တိုင်းအားကစားကွင်းအတွင်း ပြန်လည်ဝင်ရောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ(၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကံစမ်းမဲများဖွင့်ဖောက်ပေးပြီး မဲပေါက်သူများအား တီဗွီ၊ ရေခဲသေတ္တာ၊ Air cooler၊ မိုဘိုင်းဖုန်း၊ လူသုံးကုန်ပစ္စည်းများ၊ ထီလက်မှတ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကာ အခြေခံပညာကျောင်းပေါင်းစုံမှ Physical Fitness Dance ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့်အတူ မကွေးမြို့ နံကပ်ကျွန်းကျေးရွာအုပ်စု၌ စိုက်ပျိုးခဲ့သည့် အရိပ်ရအပင်များနှင့် လေကာတန်းပင်များအား မိုးလွန်ကာလ စုပေါင်းရေလောင်းပွဲသို့ တက်ရောက်ပြီး

အရိပ်ရအပင်များနှင့် လေကာတန်းပင်များကို ခါတ်မြေဩဇာကျွေးခြင်း၊ ကောက်ရိုးခြောက်များ ဖုံးအုပ်၍ ရေလောင်းပြုစု ထိန်းသိမ်းခြင်းတို့ကို တစ်ပျော်တစ်ပါး စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ပဲခူးမြို့၌ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပဲခူး ဒီဇင်ဘာ ၂၇

ပဲခူးမြို့၌ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ် (၃) အခြေခံပညာ အထက်တန်း

ကျောင်းရှေ့၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းရှေ့မှ စတင်ကာ စုပေါင်းလမ်းလျှောက်ကြပြီး ဟံသာဝတီယူနိုက်တက် ဘောလုံးကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)နှင့် အတွဲ(၂) တို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဌာနဆိုင်ရာလွန်ဆွဲပြိုင်ပွဲ၊ အပျော်တမ်း ဘောလုံးဂိုးကျဉ်းသွင်းပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ခါးကွင်းလှည့်ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးပြီး လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ကံစမ်းမဲဖောက်ပေး၍ လွန်ဆွဲပြိုင်ပွဲတွင် အနိုင်ရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ (နောက်ဆုံးပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းလူဦးရေ ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပြီး ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစုများက ကောက်ညှင်းပေါင်း၊ အကြော်တို့ဖြင့် ကျွေးမွေး ဧည့်ခံကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပခုက္ကူမြို့၌ မဲရုံများကြိုတင်ပြင်ဆင်ထားရှိမှုနှင့်လက်တွေ့စမ်းသပ်မဲပေးမှုများ ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဒီဇင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် မြို့ပေါ်ရပ်ကွက်များရှိ မဲရုံများကြိုတင်ပြင်ဆင်ထားရှိမှုနှင့် လက်တွေ့စမ်းသပ်မဲပေးမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း

ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲ အရာရှိ ဒေါ်ချိုခိုင်ဦး၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ် (၁၅) ရပ်ကွက်အတွင်း ဖွင့်လှစ်ထားရှိသည့် မဲရုံများသို့ ကွင်းဆင်း၍ မဲရုံခင်းကျင်းပြင်ဆင်ထားရှိမှုများ၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ လုံလောက်သော အလင်းရောင်နှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားရှိမှုများ၊ မဲရုံပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးနှင့် လုံခြုံရေး ဆောင်ရွက်ထားရှိမှုများနှင့် မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ လက်တွေ့စမ်းသပ် မဲပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**ကယ်ရီမောင်**

ကဝမြို့နယ်၌ မြို့နယ်ပြင်ပရောက်ကြိုတင်ဆန္ဒမဲများ ဖွင့်ဖောက်စစ်ဆေးရေတွက်

ကဝ ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မြို့နယ်ပြင်ပရောက်(ပြည်တွင်း) မဲဆန္ဒရှင်များထံမှ ပေးပို့လာသော ကြိုတင်မဲများ ဖွင့်ဖောက်စစ်ဆေးမှုကို ယမန်နေ့ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါကြိုတင်ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးရေတွက်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ ပဲခူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်ချစ်ချစ်သန်း၊ ပါတီကိုယ်စားလှယ်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်

အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများရှေ့တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ရေတွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြောင်းမြမြို့၌ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းသား ကျောင်းသူများ ကွင်းဆင်းလေ့လာ

မြောင်းမြ ဒီဇင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (စက္ကော့) မှ လာရောက်ကွင်းဆင်းလေ့လာရာ ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း၊ မြကျွန်းရွှေဝါခန်းမ၌ ကြိုဆိုပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က ကျောင်းနှင့်ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (စက္ကော့) မှ ဆရာမ ဒေါ်သန်းသန်းခိုင်က ကျေးဇူးတင်စကား ပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်းရှိ စမ်းသပ်စိုက်ခင်းများအား ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာ (မြောင်းမြ)

ဘားအံမြို့၌ ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲဆင်နွှဲ

ဘားအံ ဒီဇင်ဘာ ၂၇

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲ စတုတ္ထပတ်ကို ယနေ့နံနက် ၅ နာရီခွဲတွင် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ဝန်ကြီးများအိမ်ရာရှေ့၌ စုရပ်ထား၍ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ခန့်ပါဝင်ဆင်နွှဲကြပြီး စုရပ်ဖြစ်သောဝန်ကြီးများအိမ်ရာရှေ့မှ သီရိလမ်း အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းလမ်း မန်းနဲစန်လမ်း၊ ကျော်ဇေယျလမ်း၊ ဆေးရုံလမ်းမှတစ်ဆင့် သီရိလမ်းအတိုင်း ပျော်ရွှင်စွာ စုပေါင်းလမ်းလျှောက်၍ သီရိကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ကာ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အစီအစဉ်အတွဲ အမှတ်(၁)၊ အမှတ်(၂)နှင့် Physical Fitness Dance တို့ကို စုပေါင်းဆောင်ရွက်ကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား အကောက်ခွန်ဦးစီးဌာန၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်တရားလွှတ်တော်တို့မှ နံနက်စာဖြင့်တည်ခင်းဧည့်ခံကြပြီး ဒီဇင်ဘာလူထုအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ နောက်ဆုံးပတ်အနေဖြင့် ဗလာမပါကံစမ်းမဲများကို ဖွင့်ဖောက်ပေးရာ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိသူများကိုလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယကနှင့် ပြည်နယ်ဝန်ကြီးများက ကျန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဒီဇင်ဘာလူထုအားကစားလစုပေါင်းလမ်းလျှောက်ပွဲနှင့်အတူ အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် Small Goal သွင်းပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ထားဝယ်မြို့၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ နောက်ဆုံးပတ်ဆင်နွှဲ

ထားဝယ် ဒီဇင်ဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ နောက်ဆုံးပတ်ကို ယနေ့နံနက် ၅ နာရီခွဲတွင် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စုပေါင်း လမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းပေါင်းစုံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၉၅၀ တို့က ပါဝင်ဆင်နွှဲကြပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ဒီဇင်ဘာအားကစားလ စုပေါင်း လမ်းလျှောက်ပွဲကို တာလွှတ်၍ ဖွင့်လှစ်ပေးသည်။ လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများက ရွှေဝယ်သီရိအားကစားကွင်းအတွင်း ဝိုင်းပတ်၍ နှစ်မိုင်ခွဲ စုပေါင်း လမ်းလျှောက်ကြကာ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၂)ကို စုပေါင်း၍ ပြုလုပ်ကြပြီး စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများကို အာဟာရဖြည့်မုန့်များ ဝေငှပေးခဲ့သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နံနက် ၉ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်က ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် မဲရုံးသုံးပစ္စည်းများကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများရှိ မဲရုံများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် မဲစာရင်းများမကျန်ရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာ ကျောင်းများနှင့် အားကစားရုံများတွင် မဲရုံဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ မဲရုံများ ပြင်ဆင်ထားရှိမှုအခြေအနေ၊ မဲရုံတာဝန်ကျဝန်ထမ်းများ တာဝန်ထမ်းဆောင်နိုင်ရေး စုဖွဲ့ထားရှိမှုအခြေအနေ၊ မဲစာရင်းကပ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာပေးရာတွင် လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးသည့်အခါ အချိန်ကြန့်ကြာမှုမရှိစေရန်နှင့် မှတ်ပုံတင်များ ကိုယ်နှင့်တစ်ပါတည်း ယူဆောင်ရေး နှိုးဆော်ပေးကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မုံရွာမြို့နယ်၌ မြို့နယ်ပြင်ပရောက် ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်

မုံရွာ ဒီဇင်ဘာ ၂၇

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ခြင်းကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ရာတွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီကိုယ်စားပြု ကိုယ်စားလှယ်များရှေ့တွင် ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ကြိုတင်မဲများကို ဖွင့်ဖောက်ရေတွက်ကြသည်။

ခရိုင် (ပြန်/ဆက်)

ကျိုင်းတုံမြို့၌ ကြိုတင်ဆန္ဒမဲလက်မှတ်များရေတွက်နေမှု ကြည့်ရှုစစ်ဆေး

ကျိုင်းတုံ ဒီဇင်ဘာ ၂၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးမောင် (ရှမ်းအရှေ့တာဝန်ခံ)သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပပြုလုပ်မည့် ကျိုင်းတုံမြို့နယ် ပြင်ပရောက် (ပြည်တွင်း) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များရေတွက်နေမှုကို ယမန်နေ့က မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေအရ ရွေးကောက်ပွဲမကျင်းပမီ နှစ်ရက်ကြိုတင်၍ ယင်းနေ့ ညနေ ၄ နာရီတွင် ပြည်တွင်းရှိမဲစာရင်းပါရှိသည့် မြို့နယ်ပြင်ပရောက်ရှိနေသူများ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ကျိုင်းတုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ အသိသက်သေများနှင့်အတူ အများပြည်သူများ ရှေ့မှောက်တွင် သတ်မှတ်ပုံစံများဖြင့် ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့် ပုံစံတို့ဖြင့် တိုက်ဆိုင်စိစစ်ရေတွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ လွှတ်တော်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကိုလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပါ သတ်မှတ်ပုံစံများဖြင့် စနစ်တကျ စာရင်းပြုစုနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

မြန်မာ့စာမျက်နှာသစ် - ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

မြန်မာ့ပုံရိပ်ဖော်သုတေသနအဖွဲ့ (Myanmar Narrative Think Tank)

- **နိုင်ငံရေးပါတီ ၅၇ ခုမှ ကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော် သုံးရပ်ရှိ အမတ်နေရာ ၉၅၀ ခန့်အတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကြခြင်းဖြစ်**
- **ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်ပြည်သူများအတွက် ငွေကြေးဖောင်းပွမှုကျဆင်းရေးမှစ၍ ရပ်ကွက်သန့်ရှင်းလှပရေးနှင့် မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအထိ ပြုပြင်ပြောင်းလဲရေး အစီအစဉ်စိတ်ကူးပေါင်းများစွာကို ကတိပြုတင်ပြလျက်ရှိ**

ယနေ့ (ဒီဇင်ဘာလ ၂၈ ရက်နေ့)တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးက မြန်မာနိုင်ငံအတွက် ပဋိပက္ခများနှင့်အကျပ်အတည်းများကြားမှ နိုင်ငံတစ်နိုင်ငံက ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် စီးပွားရေးပြန်လည်ထူထောင်ရေးဟူသော မျှော်လင့်ချက်စာမျက်နှာသစ်ဆီသို့ ကူးပြောင်းပေးနိုင်မည့် အခွင့်အလမ်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အတိတ်သမိုင်းတွင်လည်း ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် အားနည်းချက်များကြားမှ ကျင်းပခဲ့ရသည့် နိုင်ငံထူထောင်ရေး သမိုင်းဝင်ရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံ၏ပဋိပက္ခများကို ဖြေရှင်းရန်နှင့် နိုင်ငံတကာအသိုက်အဝန်းတွင် တာဝန်သိစွာဖြင့် ပြန်လည်ရပ်တည်နိုင်မည့် အခွင့်အလမ်းကောင်းများကို ရယူပေးနိုင်ခဲ့သည့်သာဓကများ ရှိခဲ့ဖူးပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ကျင်းပသည့် တိုင်းပြုပြည်ပြု အခြေခံအုတ်မြစ်ချရမည့် နိုင်ငံထူထောင်ရေး ရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ်တွင် စိန်ခေါ်မှုနှင့် အန္တရာယ်များကြားမှ ပြီးမြောက်အောင် ကျင်းပခဲ့ပါသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံအနှံ့အပြားတွင် ရောင်စုံသောင်းကျန်းမှုများဖြစ်ပွားခဲ့ရာ ဦးနုအစိုးရ၏ နောက်ဆုံးခံစစ်မှာ မြို့တော်ဟောင်း ရန်ကုန်ဖြစ်ခဲ့သောကြောင့် “ရန်ကုန်အစိုးရ” ဟုပင် အမည်တွင်ခဲ့ပါသည်။ သို့သော် ထိုရန်ကုန်အစိုးရက ၁၉၅၀ ပြည့်နှစ်တွင် ထိုးစစ်များ ပြန်လည်ဆင်နွှဲနိုင်ခဲ့ကာ မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သဖြင့် ၁၉၅၁ ခုနှစ်တွင် ကတိပြုထားသည့် ရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ ထိုရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ် ဇွန်လမှ ၁၉၅၂ ခုနှစ် ဧပြီလအထိ ၁၄ လတာအတွင်း အဆင့် ၃ ဆင့်ဖြင့် ကျင်းပခဲ့ရသည်။ ယနေ့ခေတ် တိုင်းရင်းသားပြည်နယ်များဖြစ်သော နယ်စပ်ဒေသအများအပြားတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သလို မြန်မာနိုင်ငံအလယ်ပိုင်း၏ ၁၁ ရာခိုင်နှုန်းသော ဒေသများမှာလည်း သောင်းကျန်းသူများလက်အောက်တွင် ရှိနေသောကြောင့် ပြည်သူအများစုမဲမပေးနိုင်ခဲ့ကြပါ။ အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် မတည်ငြိမ်မှုများကြားမှ ဦးနု ဦးဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) က မဲ အပြတ်အသတ် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံသည် ဆယ်စုနှစ်တစ်ခုစာ ငြိမ်းချမ်းသာယာသောဒီမိုကရေစီခရီးကို စတင်လျှောက်လှမ်းနိုင်ခဲ့ပါသည်။

ဒုတိယအကြိမ် အခြေခံအုတ်မြစ်ချနိုင်ခဲ့သည့် ရွေးကောက်ပွဲမှာ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက် ထိုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကျင်းပသည့် ပထမဆုံးရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ တပ်မတော်အစိုးရတာဝန်ယူခဲ့သည့် သက်တမ်းနှစ် ၂၀ အကြာနှင့် နာဂစ်မုန်တိုင်းဒဏ်ဆိုးရွားစွာခံရပြီး နှစ်နှစ်အကြာတွင် ကျင်းပခဲ့ခြင်းလည်း ဖြစ်ပါသည်။ ထိုအချိန်က အချို့သောနိုင်ငံရေးပါတီများက ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြပြီး “ ဝ ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုလုံးတွင်လည်း ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ပါ။ သို့သော်လည်း ထိုရွေးကောက်ပွဲသည် ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့ကို အောင်မြင်စွာပေါ်ထွက်လာစေခဲ့ပြီး နိုင်ငံတစ်ဝန်း ကြီးမားနက်ရှိုင်းသော နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ နောက်ထပ်ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် အောင်မြင်စွာ ပြန်လည်ထိတွေ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ရုံသာမက ပြည်တွင်း၌လည်း တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ယခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည်လည်း အလားတူ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ နိုင်ငံတကာအဖွဲ့အစည်း အချို့က မြန်မာနိုင်ငံရှိ ဒေသအချို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားဆဲရှိနေ၍ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပရန် မဖြစ်နိုင်ဟု ထောက်ပြကြသော်လည်း မြေပြင်တွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က မြို့နယ်ပေါင်း ၃၃၀ အနက် ၂၆၅ မြို့နယ် (၈၀ ရာခိုင်နှုန်း) တွင် ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ထားပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) အနေဖြင့် လုံခြုံရေးကိစ္စများကို ထည့်သွင်းစဉ်းစားကာ အဆင့် ၃ ဆင့်ဖြင့် ကျင်းပရန် စီစဉ်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးအနှံ့ရွေးကောက်ပွဲများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ် ၁၀၂ မြို့နယ်၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ် ၁၀၀ နှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြို့နယ် ၆၃ မြို့နယ်ဟူ၍ အပိုင်းသုံးပိုင်းခွဲကာ တစ်လအတွင်း အပြီးကျင်းပရန် စီစဉ်ထားပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများက ပြည်သူများ မဲပေးခြင်းကို အကြမ်းဖက်နှောင့်ယှက်မည်ဟု ခြိမ်းခြောက်ပြောဆိုနေသည့်ကြားမှ UEC အနေဖြင့် ရွေးကောက်ပွဲကို အကျယ်ပြန့်ဆုံးလွှမ်းခြုံနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

ရွေးကောက်ပွဲလွှမ်းခြုံနိုင်မှုနှင့် ပတ်သက်၍ လေ့လာသုံးသပ်ရပါက ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ရွေးကောက်ပွဲ ၃ ကြိမ်အတွင်း ရွေးကောက်ပွဲလွှမ်းခြုံနိုင်မှုနယ်မြေများ သိသိသာသာ လျော့ကျလာသည်ကို တွေ့ရပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် မြို့နယ် ၅ ခု၊ ၂၀၁၅ ခုနှစ်တွင် မြို့နယ် ၇ ခုတွင်သာ ရွေးကောက်ပွဲဖျက်သိမ်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် မြို့နယ် ၁၅ ခု ဖျက်သိမ်းသည်အထိ ရုတ်တရက်မြင့်တက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ ခုအနက် ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ် ၉ ခုတွင် ရွေးကောက်ပွဲ ဖျက်သိမ်းခဲ့ပါသည်။ ထိုစဉ်က ရခိုင်မြောက်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုမှာ ယခုထက် များစွာနည်းပါးခဲ့သော်လည်း ရွေးကောက်ပွဲများကို လုံခြုံရေးအကြောင်းပြ၍ ဖျက်သိမ်းခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်က အာဏာရပါတီအတွက် အသာစီးရနိုင်မည့် တောင်ပိုင်းဒေသများတွင်သာ ရွေးကောက်ပွဲလုပ်ရန် စီစဉ်ခဲ့ပြီး ရခိုင်အခြေပြုပါတီများ ရွေးကောက်ပွဲ မဝင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်ဟု ရခိုင်နိုင်ငံရေးပါတီများက စောဒကတက်ခဲ့ကြသည်။ ယခုအကြိမ်တွင်မူ ရွေးကောက်ပွဲများ မကျင်းပနိုင်ရခြင်းမှာ နိုင်ငံရေးအမြတ်ထုတ်ရန် လုံးဝမဟုတ်ဘဲ လုံခြုံရေးအခြေအနေများကြောင့်သာ ဖြစ်ပါသည်။ ထို့ပြင်ပဋိပက္ခများ ရပ်ဆိုင်း၍ ဒေသ လုံခြုံအေးချမ်းလာပါက ကြားဖြတ်ရွေးကောက်ပွဲများကိုလည်း အဆောတလျင်ကျင်းပနိုင်မည် ဖြစ်ပါသည်။

ထိုသို့သော အခက်အခဲကြားမှ ရွေးကောက်ပွဲအား မဖြစ်မနေကျင်းပရန် ပြင်ဆင်နေချိန်တွင်၊ နိုင်ငံတကာရွေးကောက်ပွဲ သုံးသပ်လေ့လာသူအချို့က ရွေးကောက်ပွဲသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိသာ လွှမ်းခြုံနိုင်မည်ဟု အဝေးမှ မှန်းဆနေကြပါသည်။ အမှန်စင်စစ် ၂၀၂၄ ခုနှစ် လူဦးရေစစ်တမ်း သန်းခေါင်စာရင်းအရ ရွေးကောက်ပွဲဖျက်သိမ်းထားသည့်မြို့နယ်၆၅ ခုရှိလူဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၁၃ ရာခိုင်နှုန်းသာ ရှိပါသည်။ ထို ၆၅ မြို့နယ်မှာ မြို့နယ်စုစုပေါင်း ၃၃၀ ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော်လည်း လူဦးရေသိပ်သည်းဆနည်းပါးသော ဝေးလံခေါင်ဖျားဒေသများ ဖြစ်ကြသည်။ ထို့အပြင် ပဋိပက္ခကြောင့် ထိုဒေသခံများသည် အခြားဒေသ သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားကြသူများ ရှိနေသဖြင့် လက်တွေ့မြေပြင်တွင် ထိုဒေသများ၌ နေထိုင်သူမှာ သန်းခေါင်စာရင်းမှန်းဆချက်ထက် များစွာလျော့နည်းနိုင်ပါသည်။ လုံခြုံရေးအခြေအနေများကြောင့် ပြည်သူများ မဲပေးရန် အခက်အခဲများ ရှိနေသော်လည်း ယခုရွေးကောက်ပွဲတွင် ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာစေနိုင်မည့် အားသာချက်အချို့လည်း ရှိနေပါသည်။

ပထမအချက်မှာ နိုင်ငံရေးပါတီ ၅၇ ခုမှ ကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် သုံးရပ်ရှိ အမတ်နေရာ ၉၅၀ ခန့်အတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကြခြင်း ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်း တစ်ဦးလျှင် အာမခံကြေး ကျပ် ၅ သိန်း ပေးသွင်းထားရပြီး ရှုံးနိမ့်ပါက ထိုငွေကို ပြန်မရနိုင်မှန်းသိလျက်နှင့် ပါတီဝင်များက စိတ်အားထက်သန်စွာ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်ပြည်သူများအတွက် ငွေကြေးဖောင်းပွမှုကျဆင်းရေးမှစ၍ ရပ်ကွက်သန့်ရှင်းလှပရေးနှင့် မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအထိ ပြုပြင်ပြောင်းလဲရေးအစီအစဉ် စိတ်ကူးပေါင်းများစွာကိုကတိပြုတင်ပြလျက်ရှိပါသည်။ မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုကြောင့်လည်း ကိုယ်စားလှယ်လောင်းများသည် လုံခြုံရေးအရ အကန့်အသတ်များအကြားမှ ဟောပြောပွဲများ၊ အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးမှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်ကြသည်ကို တွေ့မြင်နိုင်ပါသည်။

၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီများနှင့်ကိုယ်စားလှယ်လောင်းများ

စဉ်	နိုင်ငံရေး ပါတီ	ပါတီ ဥက္ကဋ္ဌ	ပြည်သူ့ လွှတ်တော်	အမျိုးသား လွှတ်တော်	တိုင်း/ ပြည်နယ် လွှတ်တော်	တိုင်းရင်း သား လူမျိုးစု	စုစု ပေါင်း
၁	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)	ဦးခင်ရီ	၂၆၅	၁၅၆	၅၆၉	၂၈	၁၀၁၈
၂	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP)	ဦးဟန်ထွန်း	၁၈၂	၁၁၁	၃၈၇	၁၄	၆၉၄
၃	ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)	ဒေါက်တာသက်သက်ခိုင်	၁၉၃	၁၄၅	၃၂၀	၁၄	၆၇၂
၄	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူ)	စိုင်းအိုက်ပေါင်း	၁၅၉	၇၆	၃၄၁	၈	၅၈၄
၅	ပြည်သူ့ပါတီ (PP)	ဦးကိုကိုကြီး	၁၅၂	၇၃	၂၇၈	၉	၅၁၂
၆	မြန်မာ့တောင်သူလယ်သမားဖွံ့ဖြိုးရေးပါတီ	ဦးကျော်စွာစိုး	၁၂၅	၅၅	၂၄၃	၅	၄၂၈
၇	ဒေသန္တရပါတီ၅၁ ခု		၂၀၃	၂၁၃	၅၂၅	၁၉	၉၆၀
၈	တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ		၅၁	၃	၃၃	၈	၉၅

(ရင်းမြစ် – UEC။ မှတ်ချက် – UEC က ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းကို စိစစ်ဆဲဖြစ်သဖြင့် အရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။)

စာမျက်နှာ ၁၇ သို့

သင်းပျံ့လို့မွှေး

❖ ဒီဇင်ဘာ နှစ်ဆယ့်ရှစ်
ရွှေခေတ်သစ် တည်ဖို့ရာ။
အထွေထွေ ရွေးကောက်ပွဲ
ဆင်နွှဲချိန်ခါ။
ကောင်းခြင်းပြည့် အစဉ်သာ
မင်္ဂလာ ရက်မြတ်ပဲ။
ကိုယ်စားလှယ် ကြိုက်ရာရွေးလို့
မဲပေးသည့်ပွဲ။

❖ ဒီမိုကရေစီ အခွင့်အရေး
အလွတ်မပေး ကိုယ်ကိုယ်တိုင်။
ကိုယ့်လိုအင် ကိုယ့်ဆန္ဒ
ပြည့်ဝပိုင်ဆိုင်။
အုတ်မြစ်ချ မဏ္ဍိုင်
ခိုင်မာဖို့ မြော်တွေး။
ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်း
ကောင်းတော်သူရွေး။

❖ အချိန်မီ မဲပေးဖို့
သွားကြစို့ သူသူငါ။
မဲရုံမှာ မဲပေးကြ
အားရဝမ်းသာ။
မဲပေးစက် အသုံးပြုကာ
ကိုယ်ကြိုက်ရာ ကိုယ်ရွေး။
မဲပေးရာ လွယ်ကူလှ
တိကျတယ်လေး။

❖ တို့နိုင်ငံ ရွေးကောက်ပွဲ
ခြိမ့်ခြိမ့်သဲ ကျင်းပရာ။
နိုင်ငံတကာ မိတ်ဆွေများက
အားပေးဖို့လာ။
မဲပေးမှု လွတ်လပ်စွာ
ကြည့်ရှုကာ သြဘာပေး။
ဒီမိုကရေစီ ရွှေလမ်းခင်း
သင်းပျံ့လို့မွှေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

စာမျက်နှာ ၁၆ မှ

ဒုတိယအချက်မှာ အမျိုးသားလွှတ်တော်နှင့် တိုင်း/ပြည်နယ်လွှတ်တော်များအတွက် **ကိုယ်စားပြုအချိုးကျရောနှောစနစ် (Mixed – Member Proportion – MMP)** ကို ပထမဆုံးအကြိမ် အသုံးပြုနိုင်ခြင်း ဖြစ်ပါသည်။ ထိုစနစ်သည် တိုင်းရင်းသားပါတီများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခု၌သာ ယှဉ်ပြိုင်ကြမည့် ဒေသန္တရပါတီများအတွက် အားတက်စရာ ဖြစ်စေပါသည်။ ယခင်က နိုင်သူအကုန်ယူစနစ် (FPTP) ကြောင့် ပါတီကြီးများကသာ အနိုင်ရခဲ့သော်လည်း ယခု MMP စနစ်ကြောင့် ကရင်၊ ကယား၊ ချင်းနှင့် ပအိုဝ်း စသည့် ပါတီငယ်များသည်လည်း မဲအရေအတွက် ဒုတိယ သို့မဟုတ် တတိယရရှိပါက အချိုးကျ စနစ်အရ လွှတ်တော်ထဲသို့ သေချာပေါက်ရောက်ရှိလာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် တပ်မတော်က သဘောတူထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ပြင်ဆင်ချက်ကို ပြောင်းလဲပြဋ္ဌာန်းနိုင်ပါက တိုင်းရင်းသားနှင့် ဒေသန္တရပါတီများသည် ၎င်းတို့ဒေသ၏ ဝန်ကြီးချုပ်များကို ရွေးချယ်နိုင်ခွင့် သို့မဟုတ် အစိုးရအဖွဲ့တွင် ပါဝင်နိုင်ခွင့် ယခင်ကထက် ပိုမိုရရှိလာနိုင်ပါသည်။

တတိယအချက်မှာ MMP စနစ်နှင့် PR မဲဆန္ဒနယ်မြေများကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်လိုက်ခြင်းနှစ်ချက်ကြောင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ တိုင်းရင်းသားပါတီများအတွက် အသက်ရှူပေါက် ရရှိစေပါသည်။ ထိုဒေသများတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေအချို့တွင် ရွေးကောက်ပွဲမကျင်းပနိုင်သော်လည်း အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒနယ် ကျယ်ပြန့်စွာသတ်မှတ်မှုကြောင့် ရွေးကောက်ပွဲ ကျင်းပနိုင်သည့် အခြားမြို့နယ်များမှ ရရှိသော FPTP မဲများဖြင့် PR လွှတ်တော်ကိုယ်စားလှယ်များ ရရှိနိုင်ရန် အခွင့်အလမ်းရှိနေပါသည်။ ထို့ကြောင့်ပင် ရခိုင်ပါတီ ၅ ခုနှင့် ချင်းပါတီ ၃ ခုတို့က ခက်ခဲသော အခြေအနေကြားမှ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်း ဖြစ်ပါသည်။ ယင်းတို့အနေဖြင့် တစ်နိုင်ငံလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီကြီးများနှင့် နှိုင်းယှဉ်ပါက အရင်းအမြစ်နှင့်အကာအကွယ်များ ပြည့်စုံစွာ မရှိသော်လည်း နိုင်ခြေအခွင့်အလမ်းရှိသောကြောင့် ကိုယ်ကျိုးစွန့်၍ သက်စွန့်ဆံဖျား ကြိုးစား၍ ယှဉ်ပြိုင်ကြပါသည်။ လက်နက်မကိုင်သော တိုင်းရင်းသားခေါင်းဆောင်များက လူထုအားဖြင့် လွှတ်တော်အတွင်း အစိုးရအတွင်း ပါဝင်ဆောင်ရွက်နိုင်ပါက လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကို လျှော့ချရန်၊ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများကို စတင်ရန် လမ်းပွင့်သွားမည်ဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသအလိုက် နီးကပ်စွာပေါင်းစပ်ညှိနှိုင်း အဖြေရှာသွားနိုင်မည် ဖြစ်သည်။

> **“ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စနစ်ကို အသုံးပြုထားခြင်းသည် ရွေးကောက်ပွဲဂုဏ်သိက္ခာရှိရေးအတွက် အရေးကြီးသောလုပ်ဆောင်ချက် ဖြစ်ပါသည်။ ထိုစနစ်သည် ယခင်က ဖြစ်ပွားခဲ့သော မဲရေတွက်မှုမသမာမှုများကို ဖြေရှင်းပေးနိုင်ရုံသာမက ပွင့်လင်းမြင်သာမှုကိုလည်း မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။ ယခင်က စက္ကူမဲပြားများ သုံးစဉ်က ပယ်မဲ ၅ ရာခိုင်နှုန်းခန့်အထိ ရှိခဲ့သော်လည်း အီလက်ထရောနစ်မဲပေးစက်တွင်မူ ပယ်မဲလုံးဝမရှိနိုင်တော့ပါ။ မဲပေးစက်မှတစ်ဆင့် စောင့်ကြည့်ထောက်လှမ်းမည်ဟူသော တစ်ဖက်သတ်စွပ်စွဲချက်များမှာလည်း လွန်ကဲသော မှန်းဆချက်များသာ ဖြစ်ပါသည်။ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဘတ်ဂျက်သက်သာစွာ မြန်မာနိုင်ငံတွင်သာ တီထွင်ထုတ်လုပ်ထားသောစက်များသည် မဲဆန္ဒရှင်များ၏ မျက်နှာနှင့် ရွေးချယ်မှုများကို မှတ်တမ်းတင်နိုင်မည့်အစွမ်း လုံးဝမရှိနိုင်ပါ။ ယခုအခါ အဆိုပါ မဲပေးစက်များကို မဲဆန္ဒရှင်များစွာ ရှေ့မှောက်တွင် စမ်းသပ်စစ်ဆေးခဲ့ပြီး ပြည်သူများ ယုံမှားသံသယဖြစ်စရာကိစ္စများ မပေါ်ပေါက်ခဲ့သောကြောင့် အဆိုပါစွပ်စွဲချက်များ အခြေအမြစ်မရှိကြောင်း ထင်ရှားလှ ”**

စတုတ္ထအချက်မှာ ယခုရွေးကောက်ပွဲ၌ **နှစ် ၂၀ အတွင်း အမျိုးသမီးကိုယ်စားလှယ်လောင်း ပါဝင်မှု အမြင့်ဆုံး** (၁၈ ရာခိုင်နှုန်း) သို့ ရောက်ရှိလာနိုင်ခြင်း ဖြစ်ပါသည်။ ယင်းသည် ၂၀၂၀ ပြည့်နှစ်တွင် အမျိုးသမီးခေါင်းဆောင်များ၏ ဆွဲဆောင်မှုကြောင့် ရွေးကောက်ပွဲဖြစ်စဉ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်း အချိုး ၁၅ ရာခိုင်နှုန်းကို စံချိန်ချိုးခဲ့ပါသည်။ ထိုအချက်သည် ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသမီးများ၏ကဏ္ဍကို အသိအမှတ်ပြုလာခြင်း ဖြစ်ပါသည်။ လက်ရှိ မဲဆွယ်စည်းရုံးရေးကာလတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများက ငြိမ်းချမ်းရေး၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကျယ်ပြန့်စွာ ဆွေးနွေးချပြလျက်ရှိရာ ပဋိပက္ခများ ရပ်ဆိုင်းရေးနှင့် အမျိုးသမီးနှင့် လူငယ်များ အခန်းကဏ္ဍမြှင့်တင်ရေးကိစ္စများကို ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ပေမည်။ ထိုအခါ နိုင်ငံသားတိုင်း မဲပေးရန် စည်းရုံးလှုံ့ဆော်မှုများသည် အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်လောင်းများအတွက်လည်း မဲပိုမိုရရှိရန် တွန်းပို့ပေးနိုင်ပေသည်။ ထို့ပြင် မဲပေးသူဦးရေ အချိုးတက်လာသည်နှင့်အမျှ MMP စနစ်သည် သေးငယ်သောတိုင်းရင်းသားနှင့် ဒေသန္တရပါတီများကို ပိုမိုမဲရရှိစေမည်ဖြစ်ပြီး ယခင် FPTP စနစ်ကမူ ပါတီကြီးများကိုသာ အားသာစေခဲ့ပါသည်။

နောက်ဆုံးအချက်အနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စနစ်ကို အသုံးပြုထားခြင်းသည် ရွေးကောက်ပွဲဂုဏ်သိက္ခာရှိရေးအတွက် အရေးကြီးသောလုပ်ဆောင်ချက် ဖြစ်ပါသည်။ ထိုစနစ်သည် ယခင်က ဖြစ်ပွားခဲ့သော မဲရေတွက်မှု မသမာမှုများကို ဖြေရှင်းပေးနိုင်ရုံသာမက ပွင့်လင်းမြင်သာမှုကိုလည်း မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။ ယခင်က စက္ကူမဲပြားများ သုံးစဉ်က ပယ်မဲ ၅ ရာခိုင်နှုန်းခန့်အထိ ရှိခဲ့သော်လည်း အီလက်ထရောနစ်မဲပေးစက်တွင်မူ ပယ်မဲလုံးဝမရှိနိုင်တော့ပါ။ မဲပေးစက်မှတစ်ဆင့် စောင့်ကြည့်ထောက်လှမ်းမည်ဟူသော တစ်ဖက်သတ် စွပ်စွဲချက်များမှာလည်း လွန်ကဲသော မှန်းဆချက်များသာ ဖြစ်ပါသည်။ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဘတ်ဂျက်သက်သာစွာ မြန်မာနိုင်ငံတွင်သာ တီထွင်ထုတ်လုပ်ထားသော စက်များသည် မဲဆန္ဒရှင်များ၏မျက်နှာနှင့် ရွေးချယ်မှုများကို မှတ်တမ်းတင်နိုင်မည့်အစွမ်း လုံးဝမရှိနိုင်ပါ။ ယခုအခါ အဆိုပါမဲပေးစက်များကို မဲဆန္ဒရှင်များစွာ ရှေ့မှောက်တွင် စမ်းသပ်စစ်ဆေးခဲ့ပြီး ပြည်သူများ ယုံမှားသံသယဖြစ်စရာကိစ္စများ မပေါ်ပေါက်ခဲ့သောကြောင့် အဆိုပါစွပ်စွဲချက်များ အခြေအမြစ်မရှိကြောင်း ထင်ရှားလှပါသည်။

နိဂုံးချုပ်အနေဖြင့် လာမည့် မြန်မာ့ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ အကျိုးအတွက်သာ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး ပဋိပက္ခများနှင့် မတည်ငြိမ်မှုများကြားမှ လက်တွေ့နည်းလမ်းများဖြင့် ပြည်သူအများ ထိရောက်စွာဆန္ဒပြုနိုင်ရန် အကောင်းဆုံး ကြိုးပမ်းစီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤရွေးကောက်ပွဲမှတစ်ဆင့် တိုင်းရင်းသားနှင့် ဒေသန္တရပါတီများ၏ အခန်းကဏ္ဍ ပိုမို အားကောင်းလာစေမည်ဖြစ်ပြီး ပဋိပက္ခများကြားမှ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် မျှော်လင့်ချက်ရောင်ခြည်များကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါသည်။ ရွေးကောက်ပွဲမှ လွှတ်တော်သုံးရပ်ကို ပေါ်ထွန်းလာစေမည်ဖြစ်ပြီး ပြည်သူ့ဆန္ဒမှန်များကို ပြည်သူ့ကိုယ်စားလှယ်များမှတစ်ဆင့် ဥပဒေပြုရသုံးခန့်မှန်းဘတ်ဂျက်များ ပြဋ္ဌာန်း၍ စတင်အကောင်အထည်ဖော်နိုင်တော့မည် ဖြစ်ပါသည်။ ပထမဆုံးအကြိမ် ကျင်းပမည့် MMP စနစ်သည် အမျိုးသားလွှတ်တော်မှတစ်ဆင့် ပါတီစုံမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရရှိစေရန် ဆောင်ကြဉ်းပေးမည် ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားနှင့် ဒေသန္တရပါတီများ၏ ကိုယ်စားပြုမှုကို ပိုမိုအားကောင်းလာစေမည် ဖြစ်သည်။ ထိုအခါ လက်နက်မကိုင်သော နိုင်ငံရေးခေါင်းဆောင်များ၊ ပြည်သူ့ကိုယ်စားလှယ်များက ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးတာဝန်များကို ချက်ချင်းယူနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများ အမြန်ချုပ်ငြိမ်းစေရန် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စတင်ဆွေးနွေးညှိနှိုင်းနိုင်မည် ဖြစ်သည်။ ဤသို့လျှင် ပြည်သူအများ ပါဝင်ဆန္ဒပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသော ၂၀၂၅ ရွေးကောက်ပွဲကြီးကို ဖြစ်တင်ဝေဖန်နေမည့်အစား လေးစားတန်ဖိုးထား အားပေးသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E. Mr. Yerman Mukhtar အား ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel၊ ပုဂံဆောင် ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာရမည့် အစီအစဉ်များ၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌက ကာဇက်စတန်နိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမှုအခြေအနေကို ရှင်းလင်းပြီး မြန်မာနိုင်ငံ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရင်းနှီးပွင့်လင်းစွာ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ စောင့်ကြည့်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ယနေ့နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယနေ့ ရောက်ရှိလာသည့်အဖွဲ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Sholban Kara-Ool ဦးဆောင်သောအဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သောအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xi Jun ဦးဆောင်သောအဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သောအဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E. Mr. YICH Samethy ဦးဆောင်သောအဖွဲ့၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သောအဖွဲ့၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သောအဖွဲ့တို့ ပါဝင်ပြီး ယမန်နေ့ကလည်း ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Alexei BASHAN ဦးဆောင်သောအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario jose Armengol Campos ဦးဆောင်သောအဖွဲ့တို့ နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

MSME များ ဖွံ့ဖြိုးရေးနည်းပညာ တီထွင်ဆန်းသစ်မှုများကို မြေတောင်မြှောက်ပေး

နေပြည်တော် ဒီဇင်ဘာ ၂၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)မှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသတွင်းလူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး တိုက်ရိုက်ထိရောက်မြန်ဆန်စွာ အကျိုးပြုနိုင်သည့် အင်ဂျင်နီယာ နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်၍ ရွှေပြည်သာစက်မှုဇုန်နှင့် ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းအခြေပြု MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနည်းပညာ လိုအပ်ချက်များနှင့် အမှန်တကယ် ကိုက်ညီအောင် သင်တန်းသားများကို မွေးထုတ်ပေးသွားရန်၊ နည်းပညာ တီထွင်ဆန်းသစ်မှုများကို လက်တွေ့ကျကျ မြေတောင် မြှောက်ပေးနိုင်မည့် အလုပ်ရုံများ ဖြည့်ဆည်းရန်နှင့် ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် အတန်းနားချိန်တွင် စာကြည့်တိုက်၌ ကွန်ပျူတာများ၊ စာအုပ်များကို လေ့လာဖတ်ရှုနေကြသော ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ရန်၊ နည်းပညာအရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သော ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်ကောင်းများဖြစ်စေရေး ရည်မှန်းလျက် ကြိုးပမ်းစွမ်းဆောင်ကြရန် မှာကြားကာ ကျောင်းသား ကျောင်းသူများအား နည်းပညာနှင့် သုတ၊ ရသစာအုပ်များ၊ အားကစားပစ္စည်းများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဘာသာရပ်အလိုက် လက်တွေ့ခန်းများနှင့် အလုပ်ရုံများတွင် လက်တွေ့လုပ်ငန်းများကို စိတ်ဝင်စားထက်သန်စွာ ဆောင်ရွက်နေကြသော ကျောင်းသားကျောင်းသူများကို လှည့်လည်ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်တော
မှန်လျှင်
အသုံးဝင်
အစဉ်ထာဝရ
ထိန်းသိမ်းကြ။

ဘီးလင်းမြို့နယ်၌ ရွေးကောက်ပွဲ အပိုင်း (၂)ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ အသိပေးနှိုးဆော်

ဘီးလင်း ဒီဇင်ဘာ ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရန်အတွက် အသိပေးနှိုးဆော်ခြင်းကို ယနေ့မွန်းလွဲပိုင်းမှ စတင်ကာ မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပမည့် ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဆောင်ရွက်လျက်ရှိကြသည်။

အသိပေး နှိုးဆော်ရာတွင် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားရှိမည်နှင့် ကြေညာထားသော မဲစာရင်းများရှိ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားပြီး ဇန်နဝါရီ ၁၁ ရက်တွင်

နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ ဆန္ဒမဲပေးကြရန်တို့ဖြစ်ကြောင်း သိရသည်။ **ဘီးလင်း(ပြန်/ဆက်)**

ထားဝယ်မြို့၌ တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ဟောပြောဆွေးနွေးပွဲကျင်းပ

ထားဝယ် ဒီဇင်ဘာ ၂၇

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများ ဟောပြောဆွေးနွေးပွဲကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်သီချင်းဖြင့် တိုင်းရင်းသားများက စတင်ဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လှသာက တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားများ၏ အခွင့်အရေးကို ပိုမိုသိရှိနားလည်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် အခြေခံ၍မိမိတို့နေထိုင်ရာဒေသအတွင်းရှိ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုလည်းကောင်း၊ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ယာယီသမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဆလိုင်းအင်ဒရူးငွန်ကျုံးလျန် က ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ အသိပညာပေးဟောပြောသော ဒုတိယဝန်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်အား တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ညီအစ်ကိုမောင်နှမများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် စာပေယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစည်းအဝေးသို့ မြန်မာစာရေးဆရာအဖွဲ့တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၇

ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ မြန်မာ၊ တရုတ်၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ စာပေယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အဖွဲ့ဝင် ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်) နှင့် ဦးစိုးမိုးနိုင် (နန်းအောင်လှိုင်)တို့သည် ရန်ကုန်မြို့မှ ဒီဇင်ဘာ ၂၀ ရက်တွင် ထွက်ခွာပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ဖနွမ်းပင်မြို့ Cambodia Japan Co-operation Centre ၌ ၎င်းတို့နိုင်ငံ၏ ဒုတိယအကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက် စာရေးဆရာများ၏ စာပေဘဝခရီးအတွေ့အကြုံနှင့် ရသစာပေအထွေထွေအကြောင်း စကားဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌက "A writer is an embassador of culture and peace" ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးကာ စာပေပရိသတ်များ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဒီဇင်ဘာ ၂၂ ရက်တွင် ဝန်ကြီး H.E. Huot Hak (Minister of Tourism)က ဦးဆောင်၍ လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် ဝန်ကြီး H.E. Dr. Phoeurng Sackona (Minister of Culture and Fine Arts)က ဦးဆောင်၍ လည်းကောင်း တက်ရောက်လာကြသည့် နိုင်ငံများအချင်းချင်း စာပေယဉ်ကျေးမှု ငြိမ်းချမ်းရေးဆိုင်ရာများကို အတူတကွ ပူးပေါင်း ဆောင်ရွက်ရေးနှင့် အနာဂတ်ကာလတွင် ပိုမိုချစ်ခင်စည်းလုံးသော ဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်ရေး နိုင်ငံအလိုက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ ဗုဒ္ဓဘာသာဗဟိုဌာန (Central Centre of Buddhist of Kingdom of Cambodia)၊ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဖြစ်သော အန်ကောဝပ်ဘုရားကျောင်းတော်ကြီးနှင့် အခြားရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသို့ သွားရောက်လေ့လာကြပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ဖနွမ်းပင်မြို့ရှိ Win-Win Monument (ငြိမ်းချမ်းရေးပြတိုက်) နှင့် Tuol Sleng Genocid Museum တို့ကို သွားရောက် လေ့လာခဲ့ကြောင်း သိရသည်။

မောင်နိုင်

ကျောက်ကြီးမြို့နယ်၌ ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များ ဖွင့်ဖောက်ရေတွက်

ကျောက်ကြီး ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မြို့နယ်ပြင်ပရောက် ဒေသခံပြည်သူများအနက်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို ဖွင့်ဖောက်ရေတွက်ခဲ့သည်။

အဆိုပါဆောင်ရွက်မှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကဦးဆောင်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မြို့နယ်ပြင်ပရောက်ဒေသခံပြည်သူများအနက်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ဖွင့်ဖောက်ပြီး ကြိုတင်ဆန္ဒမဲရရှိမှုအခြေအနေကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများမှ အသိသက်သေများရှေ့မှောက်တွင် လုပ်ငန်းစဉ်အတိုင်း ဖွင့်ဖောက်ရေတွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

အခြေခံပညာကျောင်းများ၊ ဆေးရုံများနှင့် လမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ထန်းတပင်မြို့နယ်တို့ရှိ ဆေးရုံများ၊ ဈေးများနှင့် လမ်းမကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဖောင်းပြင်မြို့၌ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ သရုပ်ပြလေ့ကျင့်

ဖောင်းပြင် ဒီဇင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဇန်နဝါရီ ၁၁ ရက်တွင် မဲရုံ ၁၃ ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ သက်ဆိုင်ရာမဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံတာဝန်အသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများအနေဖြင့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်-၃ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပညာရေးမှူးက ရွေးကောက်ပွဲတွင် ကဏ္ဍအသီးသီးမှ တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများအား ရွေးကောက်ပွဲ လုပ်ငန်းတာဝန်များကိုအလေးထား၍ ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဌာနဆိုင်ရာများက ရွေးကောက်ပွဲ ကျင်းပစဉ် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံတာဝန်အသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများက မဲဆန္ဒရှင်များ ဆန္ဒမဲပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သရုပ်ပြလေ့ကျင့်ကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် မဲရုံ ၁၃ ရုံမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံတာဝန်အသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမ ၁၉၁ ဦး လေ့ကျင့်ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး ခါကာဘိုရာဇီအစည်းအဝေးခန်းမ၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌လည်းကောင်း အသီးသီးပြုလုပ်ရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် မဲရုံနေရာဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁၅)၊ မင်းရပ်ရပ်ကွက်ရှိ မဲရုံအမှတ်(၃)၊ အောင်နန်းရိပ်သာရပ်ကွက်ရှိ မဲရုံအမှတ်(၈၉)၊ ရွှေညောင်ပင်ရပ်ကွက်ရှိ မဲရုံအမှတ်(၈၃)နှင့် လယ်ကုန်းရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၇၃) တို့သို့လည်းကောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)သီရိမဟာရပ်ကွက်ရှိ မဲရုံအမှတ်(၂)၊ မဲရုံအမှတ်(၇)၊ အမှတ်(၁၀) မြို့ဝမ်ရပ်ကွက်ရှိ မဲရုံအမှတ်(၂)၊ မဲရုံအမှတ်(၃)နှင့် အမှတ်(၉)ခါးရိုးရပ်ကွက်ရှိ မဲရုံအမှတ်(၈)တို့သို့လည်းကောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ စဝ်စံထွန်းရပ်ကွက်၊ ဘုရားဖြူရပ်ကွက်၊ သစ်တောရပ်ကွက်နှင့် ကျောင်းကြီးစုရပ်ကွက်များရှိ မဲရုံများသို့လည်းကောင်း၊ ခိုလမ်မြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ ပင်လုံမြို့နှင့် လင်းခေးမြို့နယ်တို့ရှိ မဲရုံများသို့လည်းကောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နှင့် နောင်ကုန်ကျေးရွာအုပ်စုတို့ရှိ မဲရုံများသို့လည်းကောင်း။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မဲရုံများသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ မဲရုံများသို့လည်းကောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၊ အိုးဘိုထောင်ရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါနခြံရပ်ကွက်နှင့် အလုံရပ်ကွက်များရှိ မဲရုံများသို့လည်းကောင်း။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ဆံတော်ရပ်ကွက်မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂)၊ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမရှိ ရွာဘဲရပ်ကွက် မဲရုံအမှတ်(၁၅)၊ မဲရုံအမှတ်(၁၆)၊ အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)ရှိ ပြည်သာယာရပ်ကွက် မဲရုံအမှတ်(၄)၊ ရွှေတောင်မြို့ ရွှေတောင်မြို့နယ်ခန်းမရှိ သရက်တောရပ်ကွက်မဲရုံအမှတ်(၁)နှင့် အခြေခံပညာအထက်တန်းကျောင်း(ရွှေတောင်)ရှိ ကြာနီကန်ရပ်ကွက် မဲရုံအမှတ်(၁)တို့သို့လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲစာရင်းကပ်ထားမှု၊ မဲပေးစက်များပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်များ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များ စုဖွဲ့ပြင်ဆင်ထားရှိမှု၊ မဲဆန္ဒရှင်များအတွက် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများပြုလုပ်ရန် ပြင်ဆင်ထားရှိမှု၊ မဲရုံမီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ ဖမ်းဆီးရမိ

ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်တွင် စစ်ကိုင်းမြို့နယ် ကွေ့ကြီးရပ်ကွက် ချင်းတွင်းမြစ် သဲသောင်ပြင်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၃၇၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၆၅၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၄၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈၈၈၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၈၈၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်တွင် အောင်ပန်းမြို့နယ် နောင်ရဲကျေးရွာအုပ်စု ရွာတော်ကျေးရွာ၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၁ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၂၄၂၁၇၅)ကို လည်းကောင်း၊ လှည်းကူးမြို့နယ် ဒရယ်ဘိုကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၆၀၈၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Light Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၆၀၃၀၂၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဒီဇင်ဘာ ၁၄ရက်၊ ၁၉ ရက်၊ ၂၀ရက်၊ ၂၃ရက် နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၅၁၂၄၀၂၅) ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

■ *ကျောဖုံးမှ*

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ငါးလုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၀၉ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၆၁ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

KK Park အပိုင်း(၃) နယ်မြေတွင် တရားမဝင် ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ။

KK Park အပိုင်း(၃) နယ်မြေတွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ။

KK Park အပိုင်း(၃) နယ်မြေတွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ။

K K Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှု။

KK Park အပိုင်း(၃)နယ်မြေတွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှု။

❒ *ကျောဖုံးမှ*

ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)မှ တာဝန်ရှိသူများက ညှော့သည်ဝင်ရောက်မှု သုံးသန်းပြည့် အမှတ်တရအဖြစ် လက်ဆောင် ပန်းစည်း၊ ငွေကျပ် ငါးသိန်းပါသည့် ပန်းစည်း၊ ဂုဏ်ပြု Trophy၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာ အခမဲ့ ဝင်ရောက်ခွင့် (Gold Card)နှင့် အမှတ်တရ ဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ညှော့သည်နှင့်အတူ ပါရှိလာသည့် မိသားစုဝင်များအား အပန်းဖြေစခန်းနှင့် မှန်တံတား ဝင်ခွင့်၊ Sky Cable Car စီးနင်းမှုနှင့် ဘာဂီစီးနင်း လည်ပတ်ခြင်းများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးသည်။

ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) အနေဖြင့် လာရောက် အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင် စီမံထားရှိကာ အပန်းဖြေစခန်း အဆင့်မြှင့်တင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ အပန်းဖြေစခန်းများနည်းတူ လေ့လာအပန်းဖြေဝန်ဆောင်မှုပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ဟန့်တား ကာကွယ်ခဲ့ရသည်။ မန်ယူအသင်း တိုက်စစ်ကစားသမား ရှက်ကိုသည် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး နှစ်ကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။

မန်ယူအသင်း ဂိုးသမား လန်းမန်းစ်သည် နယူးကာဆယ် ကစားသမားများ၏ ဂိုးရရှိနိုင်သည့် အခွင့်အရေး များစွာကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။

မန်ယူ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် ဒိုကူက သွင်းယူပေးခဲ့သည်။ ဒိုကူ၏ အဆိုပါ သွင်းဂိုးမှာ မန်ယူအသင်းအတွက် ပထမဆုံးသွင်းဂိုးလည်း ဖြစ်သည်။

မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ် ၁၈ ပွဲကစားပြီး နိုင်ပွဲ ရှစ်ပွဲ၊ သရေ ငါးပွဲ၊ ရှုံးပွဲ ငါးပွဲ နှင့်အတူ အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ခဲ့သည်။

နယူးကာဆယ် အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပြီးခဲ့သည့် ပြိုင်ပွဲစုံ အဝေးကွင်း ကိုးပွဲတွင် ရှုံးပွဲခြောက်ပွဲရှိလာပြီ ဖြစ်သည်။

လာမည့်ပွဲစဉ်တွင် မန်ယူ အသင်းက တန်းဆင်းဇုန်မှ ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက်နယူးကာဆယ် အသင်းကလည်း တန်းဆင်းဇုန်မှ ဘန်လေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အောင်ဇော်

သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်ရှိနေသူများ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်ရေတွက်မှုမြင်ကွင်း

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်ရှိနေသူများ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်ရေတွက်ခြင်းကို နိုင်ငံတစ်ဝန်း မြို့နယ်များရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများ၌ ဒီဇင်ဘာ ၂၆ ရက် ညနေ ၄ နာရီက ပြုလုပ်ခဲ့ကြသည်-

ကြို့ပင်ကောက်မြို့နယ်
ဇေယျာထွန်း(ကြို့ပင်ကောက်)

သဲကုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)

ကလေးဝမြို့
မြို့နယ်(ပြန်/ဆက်)

ကော့မှူးမြို့နယ်
ကျော်သူရ(ကော့မှူး)

မိုင်းခတ်မြို့နယ်
နန်းနွယ်နီ(ပြန်/ဆက်)

ဇီးကုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)

ငပုတောမြို့နယ်
မြို့နယ်(ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ်
နေအောင်(ပြန်/ဆက်)

အလုံမြို့နယ်
ယောရော(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်
ကိုကျော်(ချောင်းဆုံ)

မင်္ဂလာတောင်ညွန့်မြို့နယ်
မြတ်မြတ်အေး(ပြန်/ဆက်)

မိုင်းယန်းမြို့နယ်
ထွန်းထွန်းထူး

ရန်ကင်းမြို့နယ်
လှလှထွေး(ပြန်/ဆက်)

ကျောင်းကုန်းမြို့
ဝင်းကြိုင်(ပြန်/ဆက်)

သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်ရှိနေသူများ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်ရေတွက်မှုမြင်ကွင်း

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ပြည်တွင်းရှိ မဲစာရင်း ပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက်ရှိ နေသူများ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲ လက်မှတ်များ ဖွင့်ဖောက်ရေတွက်ခြင်းကို နိုင်ငံ တစ်ဝန်း မြို့နယ်များရှိ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးများ၌ ဒီဇင်ဘာ ၂၆ ရက် ညနေ ၄ နာရီက ပြုလုပ်ခဲ့ကြသည်-

ငဖဲမြို့နယ်
မယု(ငဖဲ)

မိတ္ထီလာမြို့နယ်
သိန်းမြင့်ကျော်(မိတ္ထီလာ)

ညောင်ရွှေမြို့နယ်
မြို့နယ်(ပြန်/ဆက်)

မြစ်သားမြို့
ဝဝမြင့်(မြစ်သား)

မိုးနဲမြို့နယ်
မျိုးညွန့်ရွှေ(မိုးနဲ)

သရက်ချောင်းမြို့နယ်
ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ်
ဆွေနွယ်(ပြန်/ဆက်)

ကန့်ဘလူမြို့နယ်
အောင်ဝင်းငြိမ်း(ကန့်ဘလူ)

လှိုင်းဘွဲ့မြို့နယ်
စောဒီ(ပြန်/ဆက်)

ချောင်းဦးမြို့
ဝင်းမြင့်အောင်(ပြန်/ဆက်)

လောင်းလုံးမြို့နယ်
သိန်းသိန်း(လောင်းလုံး)

အိမ်မဲမြို့နယ်
ချစ်သက်လယ်(ပြန်/ဆက်)

မင်းလှမြို့နယ်
ပေါက်စ(မင်းလှ)

မော်လမြိုင်ကျွန်းမြို့နယ်
ရဲကိုမောင်(ပြန်/ဆက်)

နယ်စပ်ပဋိပက္ခများ အဆုံးသတ်ရေး ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သစ် လက်မှတ်ရေးထိုး

ဘန်ကောက် ဒီဇင်ဘာ ၂၇

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သီတင်းပတ်များစွာ နယ်စပ်ပဋိပက္ခဖြစ်ပွားမှုများ အဆုံးသတ်ရေး ကြိုးပမ်းအားထုတ်မှုအနေဖြင့် အမြန်ဆုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၇၀၀၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်

ဒီဇင်ဘာ ၂၇ ရက် မွန်းတည့်ချိန်တွင် စတင်အသက်ဝင်သည့် အဆိုပါသဘောတူညီချက်ကို နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဇူလိုင်လက ဖြစ်ပွားခဲ့သော နယ်စပ်ပဋိပက္ခဖြစ်ပွားမှုမှာ ဒီဇင်ဘာလအစောပိုင်းတွင် ပြန်လည်အရှိန်မြင့်လာခဲ့ရာ လူပေါင်း ၅၀ ခန့် သေဆုံးပြီး ၇၀၀၀၀၀ ကျော် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်ခဲ့ကြရကြောင်း သတင်းတွင် ဖော်ပြထားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသည် အရပ်သားများနှင့် စစ်ရေးပစ်မှတ်များအပါအဝင် တိုက်ခိုက်မှုအားလုံးနှင့် အကျုံးဝင်ကြောင်း၊ နယ်စပ်အနီးရှိ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နှစ်ဖက်စလုံးက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ဒေါ်နယ်ထရမ့်က ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် တောင်းဆို

ထို့အပြင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ၇၂ နာရီကြာ ထိန်းသိမ်းထားနိုင်ခဲ့ပါက ထိုင်းဘက်မှ ဖမ်းဆီးထိန်းသိမ်းထားသော ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များကို ပြန်လွှတ်ပေးရမည်ဖြစ်ကြောင်းလည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အောက်တိုဘာလက ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ကြားဝင်စေ့စပ်ညှိနှိုင်းပေးခဲ့သော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နှစ်နိုင်ငံဝန်ကြီးချုပ်များကို တယ်လီဖုန်းမှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် တောင်းဆိုခဲ့သည်။

အင်န်အိတ်ချ်ကေ

ဂျာမနီနိုင်ငံ၌ ကလေးများ လူမှုကွန်ရက်မီဒီယာအသုံးပြုခွင့်ပိတ်ပင်ရေးကို လက်ခံသွားဖွယ်ရှိဟု ဒစ်ဂျစ်တယ်ဝန်ကြီးပြောကြား

ဘာလင် ဒီဇင်ဘာ ၂၇

ဂျာမနီနိုင်ငံ၌ ကလေးများ လူမှုကွန်ရက် မီဒီယာအသုံးပြုခွင့်ကို ပိတ်ပင်သွားရန်အလားအလာများ ရှိသည်ဟု ဂျာမနီနိုင်ငံ၏ ဒစ်ဂျစ်တယ်ကိစ္စရပ်များဆိုင်ရာ ဝန်ကြီးကာစတန်ဝိုင်းဘာကာက ပြောသည်။

အဆိုပါပိတ်ပင်မှုမှာ မကြာသေးမီက ဩစတြေးလျနိုင်ငံ၌ ချမှတ်ခဲ့သည့် ကလေးသူငယ်များ လူမှုကွန်ရက်မီဒီယာအသုံးပြုခွင့် ပိတ်ပင်မှုနှင့် အလားသဏ္ဌာန်တူညီသည်ဟု ဂျာမနီသတင်းအေဂျင်စီ ဒီပီအေတွင် ဒီဇင်ဘာ ၂၆ ရက်က ဖော်ပြထားသည်။

ဆိုရှယ်မီဒီယာပလက်ဖောင်းပေါ်သို့ ကလေးငယ်များဝင်ရောက်ခွင့် ကန့်သတ်လိုက်ခြင်းသည် မှန်ကန်သည်ထက် ပိုသည်ဟု ၎င်းက ဒီပီအေသတင်းဌာနသို့ ပြောသည်။ လူငယ်များဖွံ့ဖြိုးတိုးတက်မှုတွင် လူမှုကွန်ရက်မီဒီယာ၏ သက်ရောက်မှုသည် ပိုမိုနက်ရှိုင်းသည်ဟုလည်း ထောက်ပြခဲ့သည်။

ကလေးငယ်များ ကျန်းမာသည့်နည်းလမ်းဖြင့် ကြီးပြင်းနိုင်ရန် မူဝါဒချမှတ်သူများက ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု လူမှုကွန်ရက်မီဒီယာမရှိဘဲ ကြီးပြင်းလာသည့် ယခင်မျိုးဆက်နှင့်နှိုင်းယှဉ်ကာ ၎င်းက ပြောကြားခဲ့သည်။ ဂျာမနီအစိုးရသည် ဒစ်ဂျစ်တယ်ခေတ်တွင် ကလေးများနှင့် လူငယ်များကို ကာကွယ်ရန် ကျွမ်းကျင်သည့် ကော်မရှင်တစ်ခုဖွဲ့စည်းထားသည်။

အကြံပြုချက်များကို နွေရာသီတွင် တင်ပြရန် မျှော်မှန်းထားသည်။ ကော်မရှင်၏လုပ်ငန်းများတွင် လူမှုကွန်ရက်မီဒီယာအသုံးပြုနိုင်မည့် အသက်ကန့်သတ်ချက်နှင့် ကျောင်းများတွင် မိုဘိုင်းဖုန်းအသုံးပြုခွင့်ကို ပိတ်ပင်ရန် ဆွေးနွေးမှုများပါဝင်မည်ဟု သိရသည်။

ယခုလအစောပိုင်းတွင် (INSA) အင်စတီကျူက ကောက်ယူထားသည့်စစ်တမ်းအရ ဂျာမနီနိုင်ငံသား ၆၀ ရာခိုင်နှုန်းသည် အသက် ၁၆ နှစ်အောက် ကလေးများကို လူမှုကွန်ရက်မီဒီယာ အသုံးပြုခွင့် ပိတ်ပင်ရန် ထောက်ခံထားကြောင်း တွေ့ရှိရသည်။

ဆင်ဟွာ

ဆိုးရွားသည့် ရာသီဥတုအခြေအနေများ ဖြစ်ပေါ်နေချိန် တောင်တက်ခရီးတက်ခဲ့ကြသည့် ဂရိတောင်တက်သမားလေးဦးကို သေဆုံးလျက်တွေ့ရှိ

အေသင် ဒီဇင်ဘာ ၂၇

ဂရိနိုင်ငံအလယ်ပိုင်း ဒယ်လ်ဖီမြို့အနီး ဗာဒူစီယာတောင်၌ ဒီဇင်ဘာ ၂၆ ရက်က တောင်တက်သမားလေးဦးကို သေဆုံးလျက်တွေ့ရှိကြောင်း ဂရိအမျိုးသား အသံလွှင့် အီးအာတီက ဖော်ပြထားသည်။

ခရစ္စမတ်နေ့တွင်ပျောက်ဆုံး

အမျိုးသား သုံးဦးနှင့်အမျိုးသမီးတစ်ဦးပါဝင်သည့် အဆိုပါအဖွဲ့ကို ဆွေမျိုးများနှင့် သူငယ်ချင်းများက နာရီပေါင်းများစွာကြာ မိုဘိုင်းဖုန်း အဆက်အသွယ်ပြတ်တောက်ပြီးနောက် ခရစ္စမတ်နေ့တွင် ပျောက်ဆုံးသည်ဟု သတင်းပို့ထားကြောင်း သိရသည်။

ဆိုးရွားသည့် ရာသီဥတုအခြေအနေများ ဖြစ်ပေါ်နေချိန် အကြီးစားကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဂရိနိုင်ငံ၌ အထူးကယ်ဆယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် မီးသတ်သမား ၃၀ ကျော်က လေ့ကျင့်ထားသည့် ခွေးများနှင့် ဒရုန်းများ၏ အကူအညီဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အတွေ့အကြုံရှိ တောင်တက်သမားတစ်ဦးဖြစ်

တစ်ဦးမှာ အတွေ့အကြုံရှိ ဒေသတွင်း တောင်တက်သမားတစ်ဦးဖြစ်ပြီး အားလပ်ရက်များတွင် ၎င်းနှင့်ဆက်သွယ်ရန် အေသင်မှ သူငယ်ချင်းများကို ဖိတ်ခေါ်ခဲ့ကြောင်း သေဆုံးသူတစ်ဦး၏ သူငယ်ချင်းများက ပြောကြားသည်။

ဆင်ဟွာ

ပျောက်ဆုံးသူများကို ရှာဖွေသည့် ကယ်ဆယ်ရေးသမားများကို တွေ့ရစဉ်။

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒဟာပြည်နယ်၌ နေရပ်ပြန်မိသားစု ၄၀၀၀ အတွက် မြို့သစ်တည်ဆောက်မည်

ကဘူးလ် ဒီဇင်ဘာ ၂၇

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒဟာပြည်နယ်၌ နေရပ်ပြန်လာသည့် မိသားစုပေါင်း ၄၀၀၀ အတွက် မြို့သစ်ဆောက်လုပ်သွားမည်ဟု အာဖဂန်အာဏာပိုင်များ၏ပြောကြားချက်ကို တိုလိုသတင်းစာတွင် ဒီဇင်ဘာ ၂၇ ရက်က ဖော်ပြထားသည်။

ကန်ဒဟာပြည်နယ် ဇာရီခရိုင်ရှိ မြေဧက ၃၀၀၀ ပေါ်တွင် မြို့သစ်တည်ဆောက်မည်ဖြစ်ပြီး စာသင်ကျောင်းများ ၊ ကျန်းမာရေးစင်တာများနှင့် ရေထောက်ပံ့ရေးကွန်ရက်များပါဝင်မည်ဟု ဖော်ပြထားသည်။ နေရပ်ပြန်မိသားစုများအတွက် မြေယာခွဲဝေပေးရေးလုပ်ငန်းစဉ်ကို ဒါမန်နှင့် ဇာရီခရိုင်များတွင် စတင်နေပြီဖြစ်ပြီး မိသားစုပေါင်း ၅၀၀၀ အတွက် အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအနှံ့ နေရပ်ပြန်မိသားစုများအတွက် နောက်ထပ်အိမ်ရာစီမံကိန်းများကိုလည်း ခရိုင်အချို့တွင် ပြုလုပ်သွားရန် စီစဉ်ထားသည်။ မကြာသေးမီလများအတွင်း အာဖဂန်နစ္စတန်၌ နေရပ်ပြန်ရွှေ့ပြောင်းနေထိုင်သူများ သိသိသာသာ တိုးလာပြီး ယခုနှစ်အတွင်း အိမ်နီးချင်းနိုင်ငံများမှ အာဖဂန်နစ္စတန်နိုင်ငံသို့ နေရပ်ပြန်လာသူပေါင်း ၂ ဒသမ ၈ သန်းခန့်ရှိသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာ) က ပြောသည်။

ဆင်ဟွာ

တူကီယဲနိုင်ငံတစ်ဝန်း ရွှေ့ပြောင်းနေထိုင်သူများအား မှောင်ခိုကူးသည်ဟု သံသယရှိသူ ၁၅၆ ဦးကို တူကီယဲအာဏာပိုင်များ ဖမ်းဆီးထိန်းသိမ်း

အစ္စတန်ဘူလ် ဒီဇင်ဘာ ၂၇

တူကီယဲ အာဏာပိုင်များသည် လွန်ခဲ့သည့် သီတင်းပတ်နှစ်ပတ်ကျော်အတွင်း ပြည်နယ် ၁၄ ခု၌ ရွှေ့ပြောင်းနေထိုင်သူများကို မှောင်ခိုကူးသည်ဟု သံသယရှိသူ ၁၅၆ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

သံသယရှိသူများအနက် ၁၁၂ ဦးကို အကျဉ်းထောင်ကျစေခဲ့ပြီး ကျန် ၄၄ ဦးကို တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်လျက်ရှိကြောင်း ယာလီကာယာက လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ဖော်ပြထားသည်။

တူကီယဲနိုင်ငံ၌ တိုးတက်လာသည့် နည်းပညာများနှင့် ပိုမိုကောင်းမွန်သည့် စောင့်ကြည့်ရေးနည်းစနစ်များ အသုံးပြုခြင်းဖြင့် နယ်စပ်လုံခြုံရေးကို တိုးမြှင့်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ တူကီယဲနိုင်ငံသည် ဥရောပအတွင်းသို့ အဓိကလမ်းကြောင်းတစ်လျှောက် မှောင်ခိုကူးခြင်းလုပ်ငန်းလည်ပတ်မှုကို ရပ်တန့်စေရန်နှင့် စည်းကမ်းနှင့်မညီညွတ်သော ရွှေ့ပြောင်းနေထိုင်သူများကို ထိန်းချုပ်ရန် အရှိန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

တပ်ကုန်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက် တည်ဆောက်ရေး ရန်ပုံငွေပေးအပ်၊ မဲရုံများပြင်ဆင်ထားရှိမှုများ ကြည့်ရှု

တပ်ကုန်း ဒီဇင်ဘာ ၂၇

တပ်ကုန်းမြို့နယ် ဖျိုင်းအင်းကျေးရွာ၌ စာကြည့်တိုက်တစ်ခု ဖွင့်လှစ်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ရန်ပုံငွေပေးအပ်ပွဲကို ယနေ့ နံနက်က အဆိုပါကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ (KC) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက စာပေဗဟုသုတများ ပိုမိုဖွံ့ဖြိုးလာရန် ကျေးရွာတွင် လိုအပ်သော စာကြည့်တိုက်တစ်ခု ဖွင့်လှစ်တည်ဆောက်ရေးအတွက် ရန်ပုံငွေပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းတို့က စာကြည့်တိုက်အတွက် သုတရသ စာအုပ်၊ စာစောင်များအား စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းပြီး နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဖျိုင်းအင်းကျေးရွာတွင် ဆောက်လုပ်နေသည့် "အနာဂတ်ရောင်ခြည်" စာကြည့်တိုက်သစ်ကို ကြည့်ရှုသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ်အတွင်း ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာမဲပေးနိုင်ရေး ဆောင်ရွက်ထားသည့် ဖျိုင်းအင်းကျေးရွာ၊ အောင်ဇေယျရပ်ကွက်နှင့်သပြေချောင်းကျေးရွာတို့မှ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့ဝင်များအား တွေ့ဆုံ၍ မဲရုံများပြင်ဆင်ထားရှိမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှု၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိမှု၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

